စိတ်ကူးချိုချိုအနုပညာ

# တစ်နေ့ဝင်လျှင်


## ကောင်းမြတ်သူ(ဥက္ကလာ)

၂၀ရာစုနှောင်းပိုင်း မြန်မာနိုင်ငံ၏
ခဲစာလုံးပုံနှိပ်လောက နောက်ဆုံးအချိန်
နောက်ခံဘဝများ။

၁၉၉၅ စာပေဗိမာန်ဝတ္ထုရှည် ဒုတိယဆုရစာအုပ်။



ဒုတိယအကြိမ်



# တစ်နေ့ဝင်လျှင်

ကောင်းမြတ်သူ(ဥက္ကလာ)

၂၀ရာစုနှောင်းပိုင်း မြန်မာနိုင်ငံ၏
ခဲစာလုံးပုံနှိပ်လောက နောက်ဆုံးအချိန်
နောက်ခံဘဝများ။
တိုးတက်ပြောင်းလဲလာသော ခေတ်တစ်ခုအတွက်
နေရာဖယ်ပေးလိုက်ရသော လူသား၏ ဘဝသရုပ်။

FIC0090
1,800.00 KS

mgyoe.com

တစ်နေ့ဝင်လျှင်၊ ကောင်းမြတ်သူ(ဥက္ကလာ)
တမျက်နှာ ၁၅၂ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ နိုဝင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၈ စာပေဗိမာန်ထုတ် ပထမအကြိမ်မူ။

ရောင်းဈေး ၁ ၈ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# တစ်နေ့ဝင်လျှင် ကောင်းမြတ်သူ
(ဥက္ကလာ)

၂၀ရာစုနှောင်းပိုင်း မြန်မာနိုင်ငံ၏
ခဲစာလုံးပုံနှိပ်လောက နောက်ဆုံးအချိန်
နောက်ခံဘဝများ။

ဒုတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အပိုင်း ၁

mgyoe.com

mgyoe.com

# ၁

အောင်မောင်း အလုပ်မဆင်းနိုင်တာ ငါးရက်ရှိပြီ။ တစ်ကိုယ်လုံး ရိုက်ထားသလို ကိုက်ခဲပြီး မလုပ်နိုင်ဘူး။ ကိုယ်ကလည်း ချစ်ချစ်တောက် ပူတယ်။ သုံးရက်ဆက်ပြီး ဆေးခန်းသွားရတယ်။

နည်းနည်း သက်သာသွားတယ်။ ရှင်းရှင်းတော့ မပျောက်ဘူး။ ခေါင်းမထောင်ချင်ဘူး။ ဒါပေမဲ့ ဆေးခန်းတော့ ဆက်မသွားနိုင်တော့ဘူး။ လိုငွေပြနေပြီ။ ဆရာမောင်ဆေးနီမှုန့်နဲ့ပဲ ချွေးအောင်းခဲ့ရတယ်။

နေရတာကလည်း သူများအိမ်မှာ ကပ်နေရတာ။ တခြားလူတော့မဟုတ် ပါဘူး၊ ဆရာရင်းသမားရင်း စာရေးဆရာကြီး ဦးအောင်ခအိမ်မှာပါ။ သိပ် လည်းမကြာသေးပါဘူး။ တစ်နှစ်ကျော်ကျော်ပဲ ရှိပါသေးတယ်။

သာကေတကို အောင်မောင်း ရောက်ကတည်းက ဦးအောင်ခအခြေ အနေက ကောင်းလှတာမဟုတ်ဘူး။ သူ့ကလောင်က အိုနေပြီ။ ရေးလည်း မရေးနိုင်တော့ဘူး။ ဈေးကွက်မဝင်တော့ဘူး။ ဘဝသရုပ်ဖော်ဝတ္ထုအတို အထွာနဲ့ ဘာသာရေး ဆောင်းပါးလေးတွေပဲ ရေးနိုင်တော့တယ်။

သူ့ခေတ်နဲ့သူတုန်းကတော့ မဆိုးပါဘူး။ ထိုက်သင့်သလောက် အောင်မြင်ခဲ့ပါတယ်။ ထိပ်ဆုံးကို မရောက်ခဲ့ပေမယ့် စားနိုင်နေနိုင်ခဲ့ပါတယ်။

ခုနောက်ပိုင်းမှာတော့ သိပ်မဟုတ်တော့ပါဘူး။ အင်္ဂလိပ်စာတတ် ပေတတ်မဟုတ်တော့ ဘာသာပြန်လိုင်းလေးဘာလေး ပြောင်းဖို့ကလည်း

mgyoe.com

mgyoe.com

မဖြစ်နိုင်ပါဘူး။ နိုင်ငံတကာရေးရာနဲ့ တက်ကျမ်းမျိုး ရေးဖို့ကလည်း မကျွမ်းပါဘူး။

သားသမီးကလည်း များပါတယ်။ ငါးယောက်တောင်ပါ။ အိမ်ထောင်သည်တွေရော၊ ကျောင်းသူကျောင်းသားတွေရော ဘယ်သူမှ မပြေလည်ကြပါဘူး။ ဦးအောင်ခချမ်းသာတာက လူတွေနဲ့ စာအုပ်တွေပါပဲ။

လွန်ခဲ့တဲ့ ငါးနှစ်ကျော်က ဦးအောင်ခရဲ့ စာအုပ်ဟောင်းတစ်အုပ်ကို အောင်မြေပုံနှိပ်တိုက်မှာ ပြန်လည်ရိုက်နှိပ်ရာက အောင်မောင်းနဲ့ ဦးအောင်ခတို့ သိကျွမ်းခင်မင်ခဲ့ကြတာပါ။

အဲ့ဒီတုန်းက အောင်မောင်းက အောင်မြေ စာပုံနှိပ်တိုက်မှာ စာစီတတ်ခါစ စာစီသမားပေါက်စပါ။ ပညာသင်ဘဝနဲ့ ပုံနှိပ်တိုက်သုံးတိုက်ထိ ပြောင်းပြီးပါပြီ။ အပြင်ပုဂ္ဂလိက ပုံနှိပ်တိုက်တွေမှာတော့ ဒီလိုပါပဲ။ တစ်ရွာမပြောင်း သူကောင်းမဖြစ်ပါဘူး။ ရသင့်ရထိုက်တဲ့လခမရပါဘူး။ တချို့တိုက်က ပုံမှန်အလုပ်လည်း မရှိပါဘူး။

ခုဆိုရင် အောင်မြေစာပုံနှိပ်တိုက်ကတစ်ဆင့် နောက်ထပ်နှစ်တိုက်ပြောင်းပြီး ရွှေပဒေသာ စာပုံနှိပ်တိုက်ကိုရောက်နေပါပြီ။ စာစီသမားဘဝကတစ်ဆင့်တက်ပြီး ဖိုမင်လည်း ဖြစ်ခဲ့ပါပြီ။ စာပုံနှိပ်လုပ်ငန်းနဲ့ ပတ်သက်တဲ့ အတွေ့အကြုံအပြင် စာပေလောကနဲ့လည်း အတန်အသင့် ကျွမ်းဝင်ရင်းနှီးခဲ့ပါပြီ။ အပေါင်းအသင်းနဲ့ လုပ်ဖော်ကိုင်ဖက်များလည်း စုံသင့်သလောက်စုံခဲ့ပါပြီ။

ဒီနေ့တော့ သူအလုပ်မဆင်းလို့မဖြစ်တော့ပါ။ စာနယ်ဇင်းစာပုံနှိပ်လုပ်ငန်းက ကွင်းဆက်နဲ့ လုပ်ရတာပါ။ စာဖောင်သွင်းမယ့် ဖိုမင်မရှိရင် ကျန်အလုပ်သမားအားလုံး အလုပ်လုပ်လို့ မရတော့ပါဘူး။ ပစ်စာမရတော့ပါဘူး။ ဆက်စီစရာ ခဲစာလုံးမရှိတော့ပါဘူး။

စက်ဆရာမလာရင်လည်း ဒီအတိုင်းပါပဲ။ စာပြင်ဆရာမလာရင်လည်း ဒီတိုင်းပါပဲ။ ကွင်းဆက်တစ်ခု ပြတ်သွားရင် အားလုံး အလုပ်ဆက်လုပ်လို့မရတော့ပါဘူး။ ခဲစာလုံးက အများအားဖြင့် လေးဖောင်စာလောက်ပဲရှိပါတယ်။ စာစီပြီးသားတွေကို စက်ပေါ်တင် ရိုက်နှိပ်ပြီး ပြန်ကျတဲ့ ခဲစာလုံးတွေကိုမှ စာခွက်ထဲပြန်ပစ်ပြီး ပြန်စီရပါတယ်။ တစ်ယောက်ပျက်ရင်

mgyoe.com

mgyoe.com

အကွက်မလည်တော့ပါဘူး။

ဖိတ်စာနဲ့ အထွေထွေရိုက်နှိပ်တဲ့ ဂျော့ ပုံနှိပ်တိုက်ကလေးတွေမှာဆိုရင် ဒီလောက်တော့ ခဲစာလုံး များများမထားပါဘူး။ ရိုက်တာကလည်း ချန်ဒလာစက်ကလေးနဲ့ ရိုက်တာပါ။

အောင်မောင်းတို့ လုပ်တဲ့စာနယ်ဇင်း အတွင်းစာသားရိုက်တဲ့ ပုံနှိပ်တိုက်ကြီးတွေမှာတော့ ခဲစာလုံးက ဘယ်လောက်ထားထား မလောက်နိုင်ပါဘူး။ ပွိုင့်ကလည်း စုံရပါတယ်။ အရွယ်အစား မျိုးစုံပါ။ ၁၂ ပွိုင့် ပိုက်ကားကစပြီး ၃ လိုင်းထိပါ။ ဝယ်လို့လည်းမလောက်နိုင်ပါဘူး။

အထူးသဖြင့် ဝတ္ထုဇာတ်ဆောင်နာမည် စာလုံးတွေဟာ သိပ်ထပ်၊ သိပ်များတတ်ပါတယ်။ ဝယ်မလောက်တော့ မှောက်ရတော့တာပါပဲ။ ဖိုမင်မကျွမ်းရင် အကွက်မလည်တော့ပါဘူး။ အလုပ်မဖြစ်တော့ပါဘူး။

အဲဒါကြောင့် အောင်မောင်း ကနေ့အလုပ်မဆင်းရမဖြစ်တော့ပါဘူး။ သူ့လက်ထောက် စာစီသမား မောင်အေးကို လွှဲအပ်ထားခဲ့ပေမယ့် စိတ်မချရပါဘူး။ ဒီကောင်က မကျွမ်းသေးဘူး။

သာကေတက ကားစီးရတာ မလွယ်ပါဘူး။ အကြိတ်အနယ်ပါပဲ။ နေထိုင်မကောင်းတဲ့ခါဆိုတော့ ပိုဆိုးပါတယ်။ မူးမူးနောက်နောက် ယိုင်ယိုင်နဲ့နဲ့ နဲ့ပဲ ရန်ကုန်လမ်း ၄၀ ထဲက ရွှေပဒေသာ စာပုံနှိပ်တိုက်ကို အောင်မောင်းရောက်လာပါတယ်။

မနက်ရှစ်နာရီကျော်ပါပြီ။ ခါတိုင်းဆိုရင် ဒီအချိန် အလုပ်စလုပ်နေပါပြီ။ 'ဒဗလယ်ကရောင်း' 'အော်တလီပိန်း' စက်ကြီးရဲ့ အသံကလည်း ညံနေပါပြီ။ ခုတော့ အားလုံးတိတ်နေပါတယ်။ မောင်အေးတို့ စာစီအလုပ်သမားအဖွဲ့ရဲ့ အရိပ်အရောင်ကိုလည်း မမြင်ပါဘူး။

ပုံနှိပ်တိုက်ရှေ့ခန်း ပိုင်ရှင်ရဲ့ စားပွဲမှာတော့ ဦးဘဒင်ထိုင်နေပါတယ်။ မျက်နှာမကောင်းပါဘူး။

"မင်း ပေါ်လာသေးတယ်နော် အောင်မောင်း"

အောင်မောင်းဝင်သွားတာနဲ့ ရင်ဝကို ဆီးကန်သလိုပါပဲ။ ဦးဘဒင်က ပြစ်တင်မောင်းမဲပါတယ်။

'ကျွန်တော် နေမကောင်းလို့ပါ၊ ထကို မထနိုင်လို့ မလာတာပါ'

mgyoe.com

“မင်းတို့ဒီလိုပဲ၊ အလုပ်သမားပီသတယ်၊ စာရင်းရှင်းပေးလိုက်လို့ စားစရာရှိရင် အလုပ်မဆင်းတော့ဘူး”

“ကျွန်တော် ဒီလို လူစားမဟုတ်ပါဘူး၊ ဆရာသိပါတယ်၊ စနေနေ့က သုဓမ္မာမဂ္ဂဇင်း ဖောင်ပိတ်တယ်၊ ဆရာမြသန်းတင့်ရဲ့ ဘာသာပြန်စာအုပ် ဖောင်ပိတ်တယ်၊ ကျွန်တော် မိုးလင်းလုပ်ခဲ့ရတဲ့ ရက်တွေဆက်နေတယ်။ ကျွန်တော် မထနိုင်တော့ဘူး လဲတယ်။ ဒါပေမဲ့ ဆရာတို့ အလုပ်မပျက်အောင် မောင်အေးနဲ့ လွှဲထားခဲ့တယ်။”

“ကောင်းတယ်၊ အခု ဘာဖြစ်ကုန်ပြီလဲ မင်းသိလား”

“ဒါတော့ ကျွန်တော် မသိဘူး”

“ဆယ့်ခြောက်ပွိုင့် ခဲစာလုံးတွေ မရှိတော့ဘူး”

“ဗျာ”

အောင်မောင်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားတယ်။ နေမကောင်းတာလည်း ဘယ်ရောက်ကုန်မှန်းမသိဘူး။ ဆယ့်ခြောက်ပွိုင့်ခဲစာလုံးက ခေတ်ပေါ်ဝတ္ထု၊ အတွင်းစာသားအားလုံးကို အများဆုံးစီရတဲ့ အရွယ်အစားဖြစ်တယ်။ အသုံးအများဆုံး ခဲစာလုံးဖြစ်တယ်၊ ရွှေပဒေသာ ပုံနှိပ်တိုက်မှာ စာစီခုံလေးခုံစာထက် မနည်းရှိတယ်။ ပေါင်ငါးရာကျော်ရှိတယ်။ အဲဒါတွေ ပျောက်တယ်ဆိုတော့။

“ဟုတ်တယ် မင်းလူစာစီသမားတွေ ခိုးတာ”

“ခင်ဗျား မိလို့လား”

“သူခိုးကို ငါက အချိန်ပြည့် စောင့်မဖမ်းနိုင်ဘူး”

“ဒါဖြင့် ဘာလို့ အရမ်းစွပ်စွဲရတာလဲ”

“မိုးမခရေးတဲ့ ချစ်မက်မပြေဝတ္ထု စာစီတာသုံးဖောင်ပဲရတယ်၊ ဆက်စီစရာမရှိတော့ဘူး၊ ခဲစာလုံးတစ်ဖောင်ကျော်စာ ပျောက်တယ်၊ အဲဒါ စာစီသမားတွေ မခိုးလို့ ဘယ်သူ ခိုးမလဲ”

အောင်မောင်း ထောင်းခနဲ ဖြစ်သွားတယ်။ ကိုယ့်ဘက်ကမရှိုင်းအောင် မနည်းထိန်းရတယ်။ မှားတာ မှန်တာထား၊ ကိုယ့်လူတွေထိတော့ မခံချင်ဘူး။

အရင်ကတော့ ပုံနှိပ်လောကမှာ ဒီပြဿနာမျိုးမကြားဖူးဘူး၊ မဖြစ်

mgyoe.com

mgyoe.com

ဖူးဘူး။ ဒါပေမဲ့ ခုနောက်ပိုင်းမှာတော့ အပုပ်နံ့ထွက်လာတယ်။ အသံတွေကြားလာရတယ်။ ဟိုတိုက်ကထွက် ဒီတိုက်ကထွက်။

ခဲစာလုံးဈေးကလည်း ကောင်းတယ်လေ။ အရင်ကတစ်ဖောင် သုံးကျပ်ခွဲ၊ ခု ခြောက်ဆယ်ကျော်။ ဈေးက မနေ့ကနဲ့ ကနေ့မတူဘူး။ ရပ်မနေဘူး။ တက်တုန်းပဲ။

အပြင်မှာ ပြန်ရောင်းရတာလည်း လွယ်တယ်။ ဘော်တယ်ကုလားဆိုင်တိုင်းလိုလိုက ဝယ်တယ်၊ ရန်ကုန် ၂၈ လမ်းတစ်ဝိုက်က ဆိုင်တွေကိုသွားရောင်းရင်လည်း ရတယ်။ ဘက်ထရီခဲပြားလုပ်တဲ့ ဆိုင်တချို့ကလည်းဝယ်တယ်။

ဈေးကတော့ တအားနှိမ်တယ်၊ ပေါင်ချိန်နဲ့လည်း မဝယ်ဘူး။ ပိဿာချိန်နဲ့ပဲ ဝယ်တယ်။ တစ်ပိဿာမှ ကိုးဆယ်ဈေးလောက်ပဲ ပေးတယ်။ သူတို့က ပြန်ရောင်းတော့ ပေါင်ချိန်နဲ့ရောင်းတယ်။ ဒါကလည်း သူတို့ပညာပဲ။ ဈေးနှုန်းလည်း အဆမတန်တင်တယ်။

ဘာပဲဖြစ်ဖြစ် ရောင်းတဲ့လူဘက်ကလည်း မဆိုးဘူးပေါ့။ အလကားရတာကိုး။ ဒီတော့ ပုံနှိပ်တိုက်တွေမှာ ခဲစာလုံးပျောက်တဲ့အသံတွေ ထွက်လာတော့တာပါပဲ။

"တိတိကျကျ မမိဘဲနဲ့ ခင်ဗျား ဒီလိုပြောလို့တော့ ဘယ်ရမလဲ"

"ဘာလဲ မင်းကပါ ငြင်းချင်သေးလို့လား၊ ၃၂ လမ်းက ငါ့မိတ်ဆွေတွေ ပုံနှိပ်တိုက်မှာလည်း ဒီလိုပဲ၊ စာစီသမားတွေ ခိုးတာပဲ"

"တော်ဗျာ... အထောက်အထား မရှိဘဲနဲ့တော့ ခင်ဗျား မစော်ကားနဲ့"

"ဒီမှာ မင်းကို ငါစွပ်စွဲနေတာ မဟုတ်ဘူး၊ မင်းကို ငါနားလည်တယ်၊ မင်းမရှိတုန်းမှာ ဖြစ်သွားတာကို ပြောတာ၊ မင်းလူတွေကို ပြောတာ"

"ခင်ဗျား ဘာလုပ်ချင်လဲ"

"မင်းမျက်နှာကိုထောက်ပြီး ငါတိုင်လား တောလား မလုပ်ဘူး၊ မင်းလူတွေတော့ မောင်းထုတ်လိုက်ပြီ၊ အဲဒါမင်းလူသစ်ရှာ"

"တော်ဗျာ... ကျုပ်လည်း ခင်ဗျားတိုက်မှာ မလုပ်ဘူး၊ ထွက်တယ်ဒါပဲ"

❐

mgyoe.com

mgyoe.com

# ၂

ခြေဦးနဲ့ ဒူးတည့်ရာကို လျှောက်ရင်း အောင်မောင်းပန်းဆိုးတန်း စာအုပ်အဟောင်းတန်း ရောက်လာတယ်။ သိပ်မကြည်ဘူး။ နေလို့ကလည်း ကောင်းလှသေးတာမဟုတ်ဘူး။ သူ့စာစီအဖွဲ့ မောင်အေးတို့ကို ဘယ်လိုက် ရှာရမှန်းလည်း မသိဘူး။

ဒီကောင်တွေနဲ့ မတွေ့လို့တော့ မဖြစ်ဘူး တွေ့ရမယ်။ တွေ့အောင် ရှာရမယ်။ ပြတ်ပြတ်သားသား မေးရမယ်၊ ပြောရမယ်။

စာနယ်ဇင်း ပုံနှိပ်လောကက မကျဉ်းလှပေမယ့် အကျယ်ကြီးမဟုတ် ဘူး။ ရွှေပဒေသာပုံနှိပ်တိုက်ရဲ့ သတင်းက ပုံနှိပ်လောကမှာ ချက်ချင်းပျံ့နှံ့ သွားမှာ၊ အပုပ်နံ့က တမုဟုတ်ချင်းထွက်မှာ။ ကြော်ငြာနေစရာ မလိုဘူး။ မောင်အေးတို့ အဖွဲ့ဆိုတာ ပုံနှိပ်တိုက်တိုင်းကြားမှာသိမှာ။

ဒီတော့ ဒီကောင်တွေ ဘာလုပ်စားမလဲ။ ဘယ်မှာ လုပ်စားမလဲ။ ပြီးတော့ သူတို့ကြောင့် စာစီသမားတွေ တစ်လှေလုံးလည်း ပုပ်စော်နံ ဦးမယ်။

သူတို့ငါးယောက်လုံးတော့လည်း ဖြစ်ချင်မှဖြစ်မယ်။ သူတို့ထဲက တစ်ယောက် ဒါမှမဟုတ် နှစ်ယောက်ဖြစ်ချင်ဖြစ်မယ်။ စားဝတ်နေရေး အကျပ်အတည်း ရှိကြတဲ့ပြင် အသောက်အစား မကင်းကြတော့ ပိုဆိုး

mgyoe.com

mgyoe.com


တယ်။ မဖြစ်နိုင်ဘူးလို့ မပြောနိုင်ဘူး။

ဒီကောင်တွေကို အသေအချာ စစ်ရဆေးရမယ်။ ပြောရုံဆိုရုံနဲ့ မရရင် ဝိုင်းပယ်သင့်တဲ့ ကောင်ကို ဝိုင်းပယ်ရမယ်။ ဒါမှ မရရင် ရဲစခန်းပို့သင့်တဲ့ ကောင် ပို့ရမယ်။ အားလုံးအတွက် သန့်ရှင်းရေးလုပ်ရမယ်။

ပန်းဆိုးတန်း စာအုပ်အဟောင်းတန်းမှာ ဘာသာပြန်စာရေးဆရာ မြတ်ငြိမ်းနဲ့သွားဆုံတယ်။ သူက ကောက်ကာငင်ကာ လှမ်းမေးတယ်။ မင်းတို့ ရွှေပဒေသာ ပုံနှိပ်တိုက်ရဲ့ ကျန်းမာရေးမကောင်းဘူးဆိုတဲ့။

ကဲ... သတင်းက ဘယ်လောက်မြန်သလဲ။ ဆရာမြတ်ငြိမ်းက တည့်တည့်မမေးချင်လို့ လှည့်မေးတာလေ။ အောင်မောင်း အလုပ်မဆင်းနိုင်တာက ငါးရက်တောင်ရှိသွားမှကိုး။

တစ်ဆက်တည်းမှာပဲ ဆရာမြတ်ငြိမ်းက သတင်းပေးတယ်။ အပြင်တိုက်တွေမှာ လုပ်မနေပါနဲ့ကွာတဲ့။ လုပ်သားသတင်းစာတိုက်မှာ စာစီသမားတွေ လိုနေတယ်၊ သွားလျှောက်တဲ့။

အောင်မောင်း ခေါင်းညိတ်ပြပြီး ဆက်လျှောက်လာခဲ့တယ်။ ခါတိုင်းလိုဆိုရင်တော့ လမ်းမှာတွေ့တဲ့ စာရေးဆရာကြီးတွေနဲ့ လေနုအေးတိုက်ရုံတင်မဟုတ်ဘူး၊ လက်ဖက်ရည်ဆိုင်ထိ ပင့်ဖိတ်ပြီး ဧည့်ခံတတ်မြဲပါ။ ဒီနေ့တော့ သိပ်စကားမပြောချင်ဘူး။ ကိုယ်ရော စိတ်ရော နေလို့မကောင်းဘူး။

ဘာပဲဖြစ်ဖြစ် ချစ်တဲ့သူမလေး မြိုင်ရဲ့စာအုပ်အဟောင်းဆိုင်ကိုတော့ ရောက်သွားမြဲပါပဲ။ အိပ်ရာထဲမှာ လဲနေခဲ့တဲ့ ရက်တွေကလည်း မလေးမြိုင်ကို တမ်းတရပါတယ်။ မတွေ့ရတာလည်း ငါးရက်ရှိပြီလေ။

မလေးမြိုင်အမေက စာအုပ်အဟောင်းသွားကောက်နေလို့ ကုန်သွယ်ရေး ၁ ရုံးအောက်က စာအုပ်အဟောင်းဆိုင်မှာ မလေးမြိုင်တစ်ယောက်ပဲရှိတာယ်။

မလေးမြိုင်အဖေက ထောင်ထဲမှာဆုံးတယ်။ သူက နိုင်ငံရေးသမား စာပေသမားကြီး။ ထုံးစံအတိုင်းပါပဲ။ မွဲပါတယ်။ ကလေးလေးယောက် ကျန်ရစ်ခဲ့တယ်။ ဒေါ်မြသင်းနဲ့ အကြီးဆုံး သမီးဖြစ်တဲ့ မလေးမြိုင်တို့ကပဲ ဦးဆောင်ပြီး စာအုပ်အဟောင်း ရောင်းစားကြပါတယ်။ မြောက်ဥက္ကလာမှာ အိမ်ငှားနေတယ်။

ဘာဖြစ်နေလဲမသိ၊ ခါတိုင်းလို မလေးမြိုင်မျက်နှာမကောင်းဘူး။

mgyoe.com

mgyoe.com

ပြုံးပြုံးရွှင်ရွှင်မရှိ။ မကြိုဆို။ သူ့မျက်နှာညိုနေတယ်။

"ကောင်းတယ်၊ အလုပ်ပြုတ်လာပြီ မဟုတ်လား"

မလေးမြိုင်ရဲ့ ကြိုဆိုနှုတ်ဆက်စကားက နားခါးစရာကြီးပါ။ သူက ဟန်မလုပ်တတ်ဘူး၊ ပွင့်ပွင့်လင်းလင်း ပြောတတ်ဆိုတတ်တယ်။

အံ့သြစရာလည်းကောင်းတယ်။ အောင်မောင်းတို့ရဲ့ ရွှေပဒေသာ ပုံနှိပ်တိုက်ရဲ့ သတင်းကို စာရေးဆရာ မြတ်ငြိမ်းတို့တင်မကဘူး၊ လေးမြိုင် တို့တောင် သိနေကြပြီလေ။

အောင်မောင်း ဘာမှပြန်မပြောဘူး။ စာအုပ်ဟောင်းပုံတွေကို ကျော်ပြီး မလေးမြိုင်ဘေးမှာ ဝင်ထိုင်တယ်။ သူလည်း ခါတိုင်းလို နှုတ်မသွက်ဘူး။ မကြည်ဘူး။

"ခဲစာလုံးခိုးတာ အစ်ကို့ဘော်ဒါတွေပဲ မဟုတ်လား ဒီလူတွေနဲ့ အစ်ကို တစ်သက်လုံးပေါင်း၊ ကောင်းကျိုးအများကြီး ဆက်ပေးလိမ့်မယ်"

"အားလုံးကိုတော့ သိမ်းကျုံးပြီး မပြောပါနဲ့ မလေးရယ်၊ ငါးခုံးမက တစ်ကောင်တည်း ဖြစ်မှာပါ"

"ဘာလဲ အစ်ကို့လူတွေထိတော့ နာတုန်းပဲလား"

"အစ်ကိုနဲ့ ဆိုးတူကောင်းဖက် လက်တွဲပြီး လုပ်ခဲ့ကြတဲ့လူတွေပဲ၊ သံယောဇဉ်တော့ ရှိတာပေါ့"

"အဲဒါကြောင့် အစ်ကိုပါ ထွက်ခဲ့တယ်ဆိုပါတော့"

အောင်မောင်းက နှုတ်ကမဖြေ၊ ခေါင်းညိတ်တယ်။

"ကောင်းတယ် နောက်ဆို ထောင်ထဲအထိ အစ်ကိုပါလိုက်သွားပေါ့"

မလေးမြိုင့် မျက်နှာလေးက သိသိသာသာ ရဲလာတယ်။ ကရုဏာ ဒေါသောဖြစ်နေတယ်။ နာသာခံချက် အားမလိုအားမရ ဖြစ်နေတယ်။

"အစ်ကို့ကို ဒီမျက်လုံးမျိုးနဲ့ မကြည့်ပါနဲ့ ဒီမျက်နှာမျိုးနဲ့မပြောပါနဲ့ မလေးရယ်"

"မဟုတ်ဘူး... အစ်ကိုက အပေါင်းအသင်းတွေအပေါ် တွယ်တာ လွန်းလို့"

"ဒါက ဘဝပေးပါ၊ မကောင်းမှုဆိုတာတော့ ဆိတ်ကွယ်ရာမရှိပါဘူး၊ ခြေမမကောင်းခြေမ၊ လက်မမကောင်း လက်မကိုတော့ ပယ်ရမှာပေါ့"

mgyoe.com

mgyoe.com

"ခုဟာက အစ်ကိုပါ နာမည်ပျက်တယ် သိလား"

"ခေါင်းဘယ်မှ မရွှေ့ပါဘူး"

"ထားပါတော့ အခုအစ်ကို ဘာလုပ်မလဲ"

"စောစောကတင် ဆရာမြတ်ငြိမ်းက ပြောတယ်၊ လုပ်သားသတင်းစာတိုက်မှာ စာစီတွေလိုတယ်တဲ့"

"အဲဒါမဆိုးဘူး ကောင်းတယ်၊ တည်ငြိမ်တယ်၊ အာမခံချက်ရှိတယ်"

"လစာကတော့နည်းမယ်၊ အစ်ကို့သူငယ်ချင်း လုပ်ဖော်ကိုင်ဖက်တွေ အဲဒီမှာ အများကြီးရှိပါတယ်၊ သူတို့လည်း အပြင်ထွက်ပြီး နှစ်ဖက်လုပ်နေကြတာပဲ"

"အစ်ကို့ကို မလေးထပ်ပြောပါရစေဦး၊ အပြင်မှာတော့ မလုပ်ပါနဲ့တော့၊ မလေးတို့လိုပဲ စာအုပ်ဟောင်းရောင်းပါ၊ အစ်ကိုအခုရနေတာထက်မနည်းပါဘူး၊ ပုံမှန်တော့ မဟုတ်ဘူးပေါ့၊ ဒီလိုင်းအားလုံးကို အစ်ကိုလည်းသိနေတာပဲ"

အောင်မောင်း ငေးသွားငိုင်သွားတယ်။ တွေးတွေးဆဆနဲ့ ဖြည်းဖြည်းလေးလေး ခေါင်းခါတယ်။ မလေးမြိုင်ပြောတာ ဒီတစ်ခါသာ မဟုတ်ဘူးကြာပြီ။

"ခက်တယ်မလေး... အစ်ကို့အလုပ်ကို အစ်ကိုမစွန့်နိုင်ဘူး"

"ဘာလဲ မလေးတို့လို မလုပ်ရဲဘူးလား"

"သိပ်လုပ်ရဲတာပေါ့၊ မလေးတို့အလုပ်က အကိုတို့အလုပ်ထက်မနိမ့်ကျပါဘူး၊ ဒါပေမဲ့ အစ်ကို့ အလုပ်အတွက် အစ်ကို ဘယ်လောက်ရင်းနှီးခဲ့ရတယ်၊ ပေးဆပ်ခဲ့ရတယ်ဆိုတာ မလေး သိပါတယ်"

သည်တစ်ခါ ငေးငိုင်သွားသူက မလေးမြိုင်ပါ။ သူ သိပါတယ်။ အောင်မောင်းတစ်ယောက် ပုံနှိပ်တိုက်တွေမှာ အနှစ်နှစ်အလလ ဘုံကျွန်ခံပြီးမှ ဒီဘဝရောက်လာတာပါ။ မကြီးပွား မချမ်းသာတာကိုထား။ သူ့ဘဝကို သူက တွယ်တာ စွဲလမ်းပါတယ်။

"အစ်ကို့ သဘောပါပဲလေ၊ တစ်ခုတော့ ရှိပါတယ်၊ အစ်ကိုနဲ့မလေးတော့ လမ်းဆုံနိုင်ကြဦးမှာ မဟုတ်ပါဘူး၊ ဝေးကွာနေကြရဦးမှာပါပဲ"

□

mgyoe.com

mgyoe.com

# ၃

နောက်နေ့မနက် ရုံးဖွင့်ချိန်မှာပဲ လုပ်သား သတင်းစာတိုက်ကို အောင်မောင်း ရောက်သွားပါတယ်။ ပုံနှိပ်မန်နေဂျာနဲ့ တွေ့ပါတယ်။ အောင်မောင်းက သူ့လုပ်သက်နဲ့ အပြင်ပုံနှိပ်တိုက်အတွေ့အကြုံတွေကို အထောက်အထားများနဲ့ တင်ပြပါတယ်။ လိုအပ်ရင် လက်တွေ့စာစီပြဖို့လည်း အဆင်သင့် ပြင်ဆင်သွားပါတယ်။

အဆင်မပြေပါဘူး။ အောင်မောင်းမှာ ရှစ်တန်းအောင်လက်မှတ် မရှိပါဘူး။ အစိုးရစစ်ရှစ်တန်းလည်း မအောင်ခဲ့ဘူး။

စေတုတ္တရာမြို့နယ်က အောင်မောင်းတို့ ညောင်ပင်သာရွာမှာက မူလတန်းကျောင်းပဲရှိပါတယ်။ အောင်မောင်းလေးတန်းပဲ အောင်ပါတယ်။ ဘုန်းကြီးကျောင်းမှာတော့ ဘာသာရေး စာပေတွေကို ဆက်လက်သင်ကြားခဲ့ရပါတယ်။

အောင်မောင်းတို့မှာ ညီအစ်ကိုတွေက များပါတယ်။ ယောကျ်ားလေးချည်း ကိုးယောက်ပါ။ အောင်မောင်းက နံပါတ်ငါးပါ။ အောင်မောင်း မိဘများက ယာငါးဧကလောက်သာရှိတဲ့ ယာသမားတို့ရဲ့ အစဉ်အလာအတိုင်း မပြည့်စုံ မကြွယ်ဝပါဘူး။ သားသမီးကများတော့ ပိုဆိုးပါတယ်။

အကြီးဆုံးနှစ်ယောက် အိမ်ထောင်ကျတော့ ရှိစုမဲ့စုလုပ်ကွက်ကို ခွဲဝေပေးရပြန်ပါတယ်။ အောင်မောင်းထက်အကြီး အစ်ကိုနံပါတ်သုံးနဲ့ နံပါတ်

mgyoe.com

mgyoe.com

လေးက စစ်ထဲရောက်သွားပါတယ်။

အောင်မောင်းကတော့ သူ့ဆရာတော် ဘုန်းတော်ကြီးရေးသားပြုစုတဲ့ ဘာသာရေးဆိုင်ရာ စာအုပ်ကို ပုံနှိပ်ဖို့ ရန်ကုန်ဆင်းအလာမှာ ဆရာတော်နဲ့ အတူ ပါလာပြီး ဓမ္မရတနာပုံနှိပ်တိုက်မှာ သောင်တင်ကျန်ရစ်ခဲ့ပါတယ်။

ဆရာတော်က ပညာသင်အဖြစ် အပ်နှံထားခဲ့ပါတယ်။ အဲ့ဒီတုန်းက အောင်မောင်း အသက်တစ်ဆယ့်နှစ်နှစ်ပဲရှိပါသေးတယ်။ ဓမ္မရတနာ ပိဋကတ် ပုံနှိပ်တိုက်မှာ သုံးနှစ်သုံးမိုးတိုင်တိုင် အောက်ခြေသိမ်း အလုပ်အား လုံး သိမ်းကျုံးလုပ်ရပါတယ်။ ပုံနှိပ်တိုက် ပိုင်ရှင်ကအစ သူ့ထက် အရင် ရောက်တဲ့ပညာသင်အဆုံး အားလုံးရဲ့ ဘုံကျွန်လုပ်ရပါတယ်။ အလုပ်များ လို့ ညပိုင်းဆင်းရတဲ့အခါ အောင်မောင်းလည်း တစ်ညလုံး မအိပ်ရပါဘူး။ အလုပ်သမားတွေ အဆိုင်းပြောင်းသွားပေမယ့် အောင်မောင်းကတော့ ဒိုင်ခံ ပါပဲ။ ညတိုင်းလို မိုးလင်းပါတယ်။ အချိန်အခါမရွေး ကွမ်း၊ ဆေး၊ လက်ဖက်ရည် ဝယ်ပေးရပါတယ်။ လိုအပ်ရင် ပုံနှိပ်စက် နောက်ကြည့် လည်း လုပ်ရပါတယ်။

စက္ကူထုပ်များ အထမ်းအပိုး အသယ်အရွှေ့နဲ့ တစ်တိုက်လုံးရဲ့ သန့် ရှင်းရေးအပြင် အိမ်သာပါ ဆေးရပါတယ်။ ဒါပေမဲ့ သုံးနှစ်သုံးမိုးလုံးသာ ကုန်ပါတယ်၊ ဟုတ်တိပတ်တိ စာတစ်ကြောင်းပြည့်အောင် မစီရပါဘူး။

စာခွက်ပုံစံကိုသာ ကျက်ရပါတယ်။ ပြီးတော့ ပိုင်ပုံရှင်းရပါတယ်။ စာစီပြီး ခဲစာလုံးများ အကြောင်းအမျိုးမျိုးနဲ့ မတော်တဆ တိုက်ခိုက်လဲပြို ကျပြီး အက္ခရာစုံစာလုံးအားလုံး ရောကုန်တဲ့ ခဲစာလုံးအမှိုက်ပုံကြီးများကို ရှင်းရတာပါ။ တစ်လုံးချင်းကောက်ပြီး စာစီခွက် စတိတ်ထဲမှာ စီထည့်ရ တာပါ။

ခဲစာလုံး ပိုင်ပုံရှင်းရတဲ့ အလုပ်က ဘယ်တော့မှ မဆုံးတော့ပါဘူး။ အပုံကြီးတစ်ပုံလုံး ပြီးခါနီးတာနဲ့ နောက်တစ်ပုံက အဆင်သင့်ဖြစ်နေတော့ တာပါပဲ။ လူတစ်ကိုယ်လုံးလည်း မင်ပေပြီး မည်းသည်းနေတော့တာပါပဲ။ ဘာပညာမှလည်း မပါပါဘူး။ မရပါဘူး။ အမှိုက်ရှင်းရတဲ့ အလုပ် သက်သက်ပါ။

နေ့စဉ် စားရတာက ပိုင်ရှင်နဲ့ဖိုမင် ဆရာသမားများရဲ့ ထမင်းချိုင့်နဲ့

mgyoe.com

ထမင်းဘူး စားကြွင်းစားကျန်များပါ။ ဘတ်လပိုင်ပါ။ ပင်တိုင်ဟင်းက ပဲပြုတ်နဲ့အာလူးပါ။ တစ်ခါတစ်ရံ ကံကောင်းရင် ဘဲဥအပိုင်းအစလေးများ စားရတတ်ပါတယ်။

အိပ်ရတာက စက္ကူပုံပေါ်မှာပါ။ အောင်မောင်းနေရတာက အိမ်မှာ မဟုတ်ပါဘူး။ ပုံနှိပ်တိုက်ခန်း ဘော်ဒါပါ။ ဂူအောင်းသတ္တဝါလိုပါပဲ။ မွန်းကျပ်လှောင်ပိတ်နေပါတယ်။

သုံးနှစ်အကျော် လေးနှစ်ထဲအဝင်မှာ ဓမ္မရတနာပုံနှိပ်တိုက်ပိုင်ရှင် အဘိုးကြီးဆုံးပါတယ်။ သားသမီးများ အမွေခွဲပါတယ်။

မကြာပါဘူး။ ပုံနှိပ်တိုက် ပျက်တာပါပဲ။ တစ်ပိုင်းတစ်စစီ ဖြစ်သွားပါတယ်။ အောင်မောင်းတို့လည်း သောင်ပြင်လွတ်တဲ့ ဒုက္ခသည်ဖြစ်ပါတယ်။ ငတ်တစ်လှည့် ပြတ်တစ်လှည့် တောင်လိုလို မြောက်လိုလို ရောင်ခြောက်ဆယ်နဲ့ ခြေသလုံးအိမ်တိုင် ဖြစ်ပါတယ်။

တစ်နှစ်လောက်ကြာမှ ဓမ္မရတနာ ပုံနှိပ်တိုက် ဖိုမင်ဟောင်း ဦးတင်ဖေက ခေါ်လို့ သူနဲ့အတူ ပုံနှိပ်တိုက်ဘုံကျွန်သံသရာမှာ ဆက်လည်ပါတယ်။ ပင်တိုင်တိုက်မရှိပါဘူး။ ခြေကောက်လိုက်ရတဲ့ ဇာတ်သမားတွေလိုပါပဲ။ ဟိုတိုက်ရောက်၊ ဒီတိုက်ရောက်ပါ၊ ခွေးနေရာမရသလိုပါပဲ။ အလုပ်ကလည်း ပုံမှန်မရှိပါဘူး။

စနစ်ဇယားကြီးမားပြီး စည်းကမ်းကလနား တင်းကျပ်လွန်းတဲ့ လမ်း ၃၀ က ခိုင်စပါယ်ဦး ဦးလှမိုးရဲ့ ပုံနှိပ်တိုက်မျိုးကို ရောက်ရသလို တာမွေက ပန်တော်ဦး ဦးစိန်ဒွေးရဲ့ ဗရုတ်သုတ်ခ ပရမ်းပတာ ပုံနှိပ်တိုက်မျိုး ကိုလည်း ရောက်ရပါတယ်။ ပါဠိပုံနှိပ်တိုက်များကို ရောက်ရသလို သိုင်းဝတ္ထုများ ချည်း ရိုက်တဲ့ တိုက်များကိုလည်း ရောက်ရပါတယ်။

တောင်ဥက္ကလာပက ဦးတင်မောင်ခေါ် စာရေးဆရာ ဆရာကရမက်ရဲ့ စာပေပေါင်းကူး ပုံနှိပ်တိုက်ကိုလည်း ရောက်ပါတယ်။ သူ့တိုက်ကတော့ ပုံမှန်စာပုံနှိပ်တိုက်ကြီးပါ။ အရင်က ဆရာမြင့်ကျော်တို့၊ ဆရာမြင့်နီတို့၊ ဆရာကြည်ဆွေတို့ရဲ့ အသည်းကွဲဝတ္ထုတွေ ရိုက်နှိပ် ထုတ်ဝေခဲ့ပေမယ့် အခုတော့ ပါဠိပိဋကတ် ပုံနှိပ်တိုက်ကြီး ဖြစ်နေပါပြီ။

စာပေပေါင်းကူးပုံနှိပ်တိုက်မှာလည်း အောင်မောင်းတို့ ဆရာတပည့်

mgyoe.com

mgyoe.com

မပြပါ။ ကမ္ဘာ့အေး သာသနာရေးပုံနှိပ်တိုက်က ပင်စင်စားများဖြစ်တဲ့ ဖိုမင် ဦးခင်မောင်ကြွယ်တို့အဖွဲ့က ပင်တိုင်ရှိပြီး ဖြစ်နေပါတယ်။ ဘာသာရေး ဆိုင်ရာ ပုံနှိပ်လုပ်ငန်းမှာ သူတို့က ပိုလို့ကျွမ်းပါတယ်။

ကံကောင်းတယ်လို့ ပြောရမလားမသိပါ။ စာပေပေါင်းကူးတိုက်မှာ အတူတွဲလုပ်နေတဲ့ ဆရာကရမက်ရဲ့ သူငယ်ချင်း စာရေးဆရာ အောင် ကျော်ကျော်က မြောက်ဥက္ကလာပမှာ ပုံနှိပ်တိုက်ခွဲထောင်ပါတယ်။ အောင် ရတနာ ပုံနှိပ်တိုက်ပါ။ ဆရာ အောင်ကျော်ကျော်နောက်ကို အောင်မောင်း တို့ ဆရာတပည့် ပါသွားပါတယ်။

မြောက်ဥက္ကလာပ (ဈ)ရပ်ကွက်၊ ခေမာသီလမ်းမှာပါ။ ဈေးနဲ့နီးပါ တယ်။ မင်းရန်အောင် ရုပ်ရှင်ရုံနဲ့လည်း မဝေးပါဘူး။ စားဖျော်ကော်ပီရေး ရှင်းက ဖွင့်ထားတဲ့ အရက်ဖြူဆိုင်နဲ့လည်း မလှမ်းပါဘူး။ ထမင်းဆိုင်နဲ့ အမြည်းဆိုင်များက ပွဲဈေးတန်းကလေးလိုပါ။

ဖွင့်စမှာ အောင်ရတနာ ပုံနှိပ်တိုက်က သာလာယံဇရပ်လိုပါ။ အောင်မောင်းတို့ ဆရာတပည့်ပဲ ပင်တိုင်ရှိပါတယ်။ ကျန်စာစီစာရိုက်နဲ့ စာပြင်ဆရာများက ဝင်လိုက်ထွက်လိုက်ပါ။ တံခါးမရှိ ဓားမရှိပါ။

အလုပ်ရှိတဲ့အခါ နေ့မီးညမီး ဆက်ပါတယ်။ အလုပ်ပြီးတာနဲ့ ဇရတ် သုတ်ခ ပရမ်းပတာပါ။ ဖြစ်ချင်သလို ဖြစ်ပါတယ်။

အောင်မောင်းအတွက်တော့ အကွက်ကောင်းပါပဲ။ သူအတွက် အခွင့် အရေးရတယ်လေ။ အောင်ရတနာ ပုံနှိပ်တိုက်ထောင်မှပဲ သူ စတိတ်စာစီ ခွက် ကိုင်ခွင့်ရတယ်။ စာစီရတယ်။ သူ့လက်သူ့ခြေ ထိုက်သင့်သလောက် လည်း လုပ်ခွင့်ရတယ်။

မိုးရွာတုန်း ရေခံဆိုသလို အောင်မောင်းကလည်း ကြိုးစားတယ်။ ဒီလိုအခွင့်အခါမျိုးကလည်း ပေါ်ခဲတယ်။ တစ်တိုက်လုံးရဲ့ အလုပ်အားလုံး ကို သိမ်းကျုံးလုပ်တယ်။ အလုပ်ရှိရင် ရှိသလို မနားဘူး။ မအိပ်ဘူး။

စာစီရတယ်ဆိုတာလည်း တကယ့်ကို မလွယ်ဘူး။ အတော့်ကို ကြိုး ပမ်းရတယ်။ လေ့ကျင့်ရတယ်။ လက်နှိပ်စက်ထက် အများကြီးခက်တယ်။ စာခွက်တွေအများကြီးပိုတယ်။

စာစီခုံက ၃၂ လက်မမြင့်တယ်။ အလျားက ၄၂ လက်မ၊ အနံက

mgyoe.com

mgyoe.com

၃၆ လက်မရှိတယ်။ နှစ်ဆင့်ထပ်ပြီး ဆင်ခြေလျှောထောင်ထားတာ။ အပေါ်ဆင့်မှာ စာခွက်ငယ်ပေါင်း ၁၄၄ ခွက်ရှိတယ်။ အောက်ဆင့်မှာတော့ စာခွက်ငယ်ပေါင်း ၄၂ ခွက်၊ စာခွက်လတ် ၃၁ ခွက်နဲ့ စာခွက်ကြီး ၉ ခွက်ရှိတယ်။ စုစုပေါင်း စာခွက် ၂၂၆ ခွက်ရှိတယ်။ စာခွက်အားလုံးမှာ စာဖိုတွေ၊ စာညှင်းတွေ တစ်မျိုးစီ ထည့်ထားရတယ်။

စာခွက်အားလုံးကို အလွတ်ရအောင် ကျက်ပြီး၊ လေ့ကျင့်ပြီး တစ်ခွက်ချင်း တစ်လုံးချင်း ကောက်စီရတာ၊ ဘယ်မှာလွယ်မှာလဲ။ တော်ရုံတန်ရုံအလေ့အကျင့်နဲ့ ဘယ်လိုမှ မဖြစ်ဘူး။

အောက်ဆင့်ခွက်သေး၊ ခွက်လတ်နဲ့ခွက်ကြီးတွေထဲမှာ အသုံးများတဲ့ ခဲစာလုံးတွေကို အချိုးအစားမျှအောင် ထည့်ရတယ်။ ေ၊ ာ၊ တ၊ သ၊ ည၊ အ၊ င်၊ ကနဲ့ ဝါနား စတဲ့ စာလုံးတွေကို ခွက်ကြီးထဲမှာ ထည့်ရတယ်။

ခွက်လတ်ထဲမှာတော့ စ၊ ထ၊ ဆ၊ မ၊ လ စတဲ့ စာလုံးတွေကို ထည့်ရတယ်။ ခွက်သေးထဲမှာတော့ မြို့ သူ၊ မ်၊ စီ၊ တွဲတဲ့ စာလုံးတွေကို ထည့်ရတယ်။ စာချဲတဲ့ စပိတ်နဲ့ကွပ်ကိုလည်း မျှထည့်ရတယ်။ အပေါ်ဆင့်ခွက်တွေမှာတော့ ယပင့်၊ ရရစ် ပါတဲ့ စာလုံးတွေရယ်၊ ဂဏန်းတွေရယ် တခြားစာလုံးတွေရယ် မျှထည့်ရတယ်။

အဲဒီစာလုံးတွေကို တစ်လုံးချင်း တစ်ခွက်ချင်း အလွတ်ပစ်ထည့်ရတာ။ ထည့်ပြီးမှ တစ်လုံးချင်း တစ်ခွက်ချင်း အလွတ်ပြန်နှိုက်စီရတာ။

စာလုံးစီတတ်ရုံနဲ့လည်း မပြီးသေးဘူး။ တခြားစာစီပညာတွေက အများကြီး ကျန်သေးတယ်။ အင်ကိုက်ဆိုက်ကိုက်ဖြစ်ရတယ်။ စာချဲတတ်ရတယ်။ စပိတ်မှန်အောင် ထိုးတတ်ရတယ်။ စာမျက်နှာတင်းတတ်ရတယ်။ စာပြင်တတ်ရတယ်။ မဆုံးနိုင်ဘူး။ အများကြီးကျန်သေးတယ်။ စာစီရဲ့ အပြင်တခြား ပုံနှိပ်ပညာတွေကလည်း အများကြီးပါ။

ဘယ်လောက်ပဲ ခက်ခက် ဆရာသမားများရဲ့ ကျေးဇူးနဲ့ အောင်မောင်းရဲ့ ကြိုးပမ်းမှုကြောင့် တစ်နေ့ထက် တစ်နေ့ တိုးတက်ခဲ့ပါတယ်။

တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမှာလဲ။

❑

mgyoe.com

mgyoe.com

# ၄

အောင်ရတနာပုံနှိပ်တိုက်မှာ အောင်မောင်း ဘော်ဒါဖြစ်လာပါတယ်။ နောက်ပိုင်းမှာ ဖိုမင် ဦးတင်ဖေတို့အိမ်ကို မပြန်ရတော့ပါဘူး။ ပုံနှိပ်တိုက်ထဲမှာပဲ နေရပါတယ်။

မြို့ထဲမှာလို တိုက်ခန်းမဟုတ်ပေမယ့် ဒီမှာက အသင့်အတင့် ကျယ်ဝန်းပါတယ်။ နေသာထိုင်သာရှိပါတယ်။ ပျဉ်ကာ သွပ်မိုးအိမ်ခန်းပါ။ ဆရာကျော်တို့က ပုံနှိပ်ခန်းမှာ မနေပါဘူး။ (၈)ရပ်ကွက်မှာ သူ့မိသားစုနဲ့ အတူနေပါတယ်။

အရင်ကတော့ အလုပ်ပြီးရင် သော့ခတ်ပြီး ပြန်ကြတယ်။ ခုတော့ အောင်မောင်းရှိနေလို့ သော့မခတ်တော့ပါဘူး။ ပုံနှိပ်တိုက်ရဲ့ လုံခြုံရေးပါ အောင်မောင်းတာဝန်ဖြစ်နေပါပြီ။

အောင်မောင်းအတွက် ရသင့်ရထိုက်တဲ့ စာစီခလည်းရပါပြီ။ ဘော်ဒါစရိတ် အပိုကြေးလေးပါ တောင်းပေးပါတယ်။

စာနယ်ဇင်း ပုံနှိပ်တိုက်တွေမှာ ပုတ်ပြတ်စနစ်နဲ့ပဲ လုပ်ကြရတာ များပါတယ်။ လခစားရယ်လို့ မရှိသလောက် ရှားပါတယ်။

အောင်မောင်းတို့ စာစီသမားတွေက ဝတ္ထုဆိုက်တစ်မျက်နှာကို တစ်ကျပ်၊ ဆယ်ချိုးပါတီဆိုက် တစ်မျက်နှာကို ငါးမတ်၊ မဂ္ဂဇင်းဆိုက် တစ်မျက်နှာကို တစ်ကျပ်ခွဲနှုန်းနဲ့ ကိုယ်စီနိုင်သလောက်ရပါတယ်။

mgyoe.com

ဖိုမင်က စာဖောင်ဖွဲ့ခ၊ သွင်းခနဲ့ စာပြင်ခတစ်စောင်ငါးကျပ်နှုန်း ရပါတယ်။ စာပြင်ဆရာကလည်း တစ်ဖောင်ကို ငါးကျပ်နှုန်းပဲ ရပါတယ်။ စက်ဆရာက တစ်ဖောင်တစ်ထောင်ကို သုံးကျပ်နှုန်းရပါတယ်။ ပျမ်းမျှတစ်နေ့လေးဖောင်လောက် လုပ်ရပါတယ်။ သူ့ခေတ်နဲ့သူတော့ မဆိုးပါဘူး။ မပိုလှပေမယ့် စားလောက်ပါတယ်။

အောင်မောင်းကတော့ တခြား စာစီသမားတွေလောက် မရသေးပါဘူး။ သူကမမြန်သေးဘူး။ မကျွမ်းသေးဘူး။ နုသေးတယ်။ ဒါပေမဲ့ ဆော်ဒါကြေးနဲ့ဆိုတော့ မဆိုးပါဘူး။ ကိုယ်ပိုင်ဝင်ငွေလေး ရလို့ပျော်ပါတယ်။

စာနယ်ဇင်း ပုံနှိပ်တိုက်တွေမှာ ပျော်စရာကောင်းတဲ့ အလေ့အထလေးတွေလည်း ရှိပါတယ်။ ဖောင့်ဖွင့်ပွဲ၊ ဖောင်ပိတ်ပွဲမျိုး ရှိပါတယ်။

စာအုပ်တစ်အုပ်ကို စစီတဲ့နေ့မှာ ဖောင်ဖွင့်ပွဲအဖြစ် ထုတ်ဝေသူက ပုံနှိပ်တိုက် လုပ်သားတွေကို အကျွေးအမွေးနဲ့ ပြုစုပါတယ်။ စာအုပ်ပုံနှိပ်လို့ ဆုံးခန်းတိုင်တဲ့နေ့မှာလည်း ဖောင်ပိတ်ပွဲ ကျင်းပတတ်ပါတယ်။

ထုတ်ဝေသူ ပိုင်ရှင်ရဲ့အခြေအနေကိုလိုက်ပြီး လက်ဖက်ရည်လောက်နဲ့ ပြီးတဲ့အခါလည်း ပြီးရပါတယ်။ ဒံပေါက်စားတဲ့အခါလည်း စားရပါတယ်။ တစ်ခါတလေတော့ သောက်တတ် စားတတ်သူတွေအတွက် အဖျော်ယမကာလေးပါ ပါတတ်ပါတယ်။

အောင်ရတနာ ပုံနှိပ်တိုက်မှာက ညနေပိုင်းမှာ စာရေးဆရာတွေကလည်း ဆုံတတ်စုံတတ်ပါတယ်။ အများအားဖြင့်တော့ မြောက်ဥက္ကလာမြို့ခံစာရေးဆရာတွေပါ ဆရာမောင်သိန်းဆိုင်တို့ မြေနီသစ္စာတို့ ရွှေတည်ရန်နောင်တို့ပါ။ တစ်ခါတစ်ရံ ဆရာညီညီနိုင်လည်း လာတတ်ပါတယ်။

ထုတ်ဝေသူတွေဖြစ်တဲ့ တံခွန်တိုင်စာပေတိုက် ပိုင်ရှင်ဦးမြတ်ခေါင်တို့၊ ရွှေမြိတ်သောင်းတင်တို့၊ သထုံတည်ကြည်တို့လည်း လာတတ်ပါတယ်။

အလုပ်သိမ်းပြီးလို့ တောင်စွယ်မှာ နေကွယ်ပြီဆိုရင်တော့ ဆရာတို့က ပုံနှိပ်တိုက် ရှေ့ခန်းမှာပဲ ဝိုင်းဖွဲ့တတ်ပါတယ်။

အဲဒီအချိန်မှာတော့ အောင်မောင်း စားပွဲထိုးလုပ်ရ၊ ယမကာဆိုင်နဲ့ အမြည်းဆိုင်တန်းကို ခေါက်တုံ့ခေါက်ပြန်လွန်းပျံဆွဲရပါတယ်။

ဆရာတို့ဝိုင်းက ရှေ့ပိုင်းမှာတော့ ရမ်နဲ့၊ ဆော်ဒါနဲ့၊ ဘဲကင်နဲ့၊ ရေခဲနဲ့

mgyoe.com

mgyoe.com

ပါပဲ။ အဲနောက်ပိုင်းလည်းရောက်ရော အရက်ဖြူနဲ့ပဲကြီးလှော်နဲ့ ရေနဲ့ဖြစ်သွားပါတယ်။

အောင်မောင်းကတော့ ဆွမ်းစားကြွတဲ့ ဘုန်းတော်ကြီးများ နောက်က လိုက်ရတဲ့ ကျောင်းသားလေးလိုပါပဲ။ လိုလေသေးမရှိအောင် ဝတ်ကြီးဝတ်ငယ်ပြုရပါတယ်။

အကြွင်းအကျန်လေးများကိုလည်း စားတဲ့ခါ စားရပါတယ်။ ဘောက်ဆူးလေးများလည်း ရတတ်ပါတယ်။ အဆူအဆဲ အကြိမ်းအမောင်း ခံရတာမျိုးလည်း မလွတ်ဘူးပေါ့။ အရက်ကမစစ်ဘူး၊ ရေများလို့တဲ့။ ဘဲကင်ကမလတ်ဘူး။ ဝါးမရလို့တဲ့။ ပဲကြီးလှော်က မာလို့တဲ့။

ဘာပဲဖြစ်ဖြစ် အောင်မောင်းအတွက်တော့ မရှုံးပါဘူး။ မြတ်ပါတယ်။ စာရေးဆရာတွေနဲ့ သိရကျွမ်းရတယ်။ ထုတ်ဝေသူတွေနဲ့ တွေ့ရဆုံရတယ်။ စာပေလောကအကြောင်း သူတို့ ပြောကြဆိုကြတာကြားရလို့ မှတ်သားရပါတယ်။

တစ်ခါတလေ ဖောင်ပိတ် ငွေရှင်းတဲ့ စနေနေ့မျိုးမှာတော့ အောင်မောင်း လက်မလည်ပါဘူး။ အထက်ပွဲအောက်ပွဲဖြစ်ပါတယ်။

ဆရာကျော်တို့က ပုံနှိပ်တိုက် ရှေ့ခန်းမှာ ဝိုင်းဖွဲ့သလို ဖိုမင်ဆရာ ဦးတင်ဖေနဲ့ စာစီဆရာ ကိုဘပု၊ ကိုကျော်မိုးနဲ့ ကိုလှဖေတို့က ပုံနှိပ်နဲ့ မလှမ်းမကမ်းက အမြည်းဆိုင်တန်းမှာ ဝိုင်းဖွဲ့ပါတယ်။

စာစီဆရာ ကိုအေးမောင်ကတော့ မသောက်တတ်ပါဘူး။ လိုက်ထိုင်ပြီး အမြည်းစားပါတယ်။ အသောက်ဆရာတွေက ပြောပါတယ်။ ကိုအေးမောင်ပါရင် ရှာနာတယ်တဲ့...။

အဲ့ဒီအခါမျိုးမှာ အောင်မောင်းတစ်ယောက် အထက်ပွဲ၊ အောက်ပွဲ၊ ဟိုပြေးဒီပြေးနဲ့ ရှာဆော်ကြီးခွေး ဖြစ်ပါတယ်။ နှစ်ဝိုင်းလုံးက ဆရာသမားတွေချည်းမို့ မလစ်လပ်လုပ်ရအောင် အမှုတော်ထမ်းရပါတယ်။ ခြေသုတ်ပုဆိုး မြွေခွယ်ကျိုးဖြစ်ရပါတယ်။

"ဟေ့ကောင် အောင်မောင်း၊ ငါ့စာအုပ် မင်းစာစီထားတာတွေ မှားတယ်ကွ၊ အဲဒါ မင်းလျော်"

အောင်မောင်း အထက်ပွဲအရောက်မှာ တော်တော်လေး ရီဝေနေပြီ

mgyoe.com

ဖြစ်တဲ့ တံခွန်တိုင်စာပေတိုက်ပိုင်ရှင် ကိုမြတ်ခေါင်က ရိတယ်။ ဒါကလည်း အဆန်းတော့ မဟုတ်ပါဘူး။ လုပ်နေကျပါ။

"ဟာ ဆရာကလည်း ကျွန်တော်စီတာ ဘာမှားလို့လဲ"

"သိပ်မှားတာပေါ့၊ ငါ့ဝတ္ထုစာအုပ်ထဲက တောင်ပိုင်းသိုင်းဆရာကြီး ဝုဖုံက အတွင်းအားသွင်းပြီး (အား) လို့ အော်ပြီး မြင်းမိုရ်တောင်ပေါ် ခုန်တက်တာကို မင်းက (ယား)လို့ စီထားတယ်၊ သေရော"

"ဗျာ (အား) နဲ့ (ယား) ဘာထူးလို့လဲ ဆရာရယ်"

"သိပ်ထူးတာပေါ့ကွ၊ ငါ့သိုင်းဆရာကြီး ဝုဖုံမှာ (အား) မရှိတော့ဘဲ ယားနာတွေရှိသလို ဖြစ်သွားတယ်လေ"

"ဟာ ဆရာရယ်"

ဆရာသမားများအားလုံး ရယ်ကြမောကြပါတယ်။ စာအကြောင်း ပေအကြောင်းနဲ့ ပတ်သက်ပြီး နောက်ထပ်ပြက်လုံးတွေ ထုတ်လို့လည်း မဆုံးပါဘူး။ ပျော်ရပါးရမှတ်သားရပါတယ်။ ဒါပေမဲ့ အောင်မောင်းက အထက်ပွဲမှာချည်း မနေနိုင်ပါဘူး။ အောက်ပွဲကို ပြေးရပြန်ပါတယ်။

အောက်ပွဲရောက်တော့လည်း အရှိန်ရ ရေချိန်ကိုက်နေကြပါပြီ။ အောင်မောင်း ဝင်ထိုင်မိတာနဲ့ ဆရာကိုဘပုက ပညာပေးပါတော့တယ်။

"ဟေ့ကောင်အောင်မောင်း၊ ဆရာကတော် လှန်သည်ဆိုတဲ့ စာကြောင်းကို မင်းဘယ်လို စာစီမလဲ၊ (တော်) ကို ဘယ်လိုချဲမလဲ၊ ဘယ်ဘက်ကပ်မလဲ"

"ဗျာ"

အောင်မောင်း မဖြေတတ်ပါ။ ဘယ်လိုစီရမှန်းလည်း မသိပါ။ ကြောင်နေပါတယ်။ ငေါင်နေပါတယ်။ ရယ်ရမလို ငိုရမလိုကြီးပါ။

"ဆရာကတော် လှန်သည်လေကွာ၊ မင်းဘယ်လိုစီမလဲ ပြော"

"မသိဘူးဗျာ၊ ပန်းပေးတယ်"

"ဒီတိုင်းတော့ ဘယ်ရမလဲ၊ ဒါပညာကွ၊ ပေးတစ်ပိုင်းဖိုး"

ဟိုက်၊ ဆရာဘပု ရိုက်စားလုပ်ပြီ။ ပညာပြပြီ။ ဒါကလည်း အဆန်း မဟုတ်ပါ။ ဆရာသမားများက လုပ်နေကျပါ။ အောင်မောင်းကလည်း ပြုစုရမြဲပါ။

mgyoe.com

mgyoe.com

"ရပါတယ် ဆရာရယ်၊ ကျွန်တော်ပဲ သွားဆွဲပေးပါ့မယ်၊ ပညာလေး တော့ ပေးပါဦး"

"မသေမချင်းမှတ်ထား၊ (တော်) ကိုလှန်နဲ့သွားကပ်ရမယ်၊ (က)ကြီး နဲ့ ချဲထုတ်ရမယ်"

"ဒီလိုဖြစ်မယ်လေကွာ၊ ဆရာက တော်လှန်သည်၊ ကဲ မဟုတ်ဘူး လား"

"ဟုတ်လိုက်လေ ဆရာရယ်၊ တန်ပါတယ်၊ ပညာလည်းရပါတယ်၊ ကျွန်တော် တစ်ပိုင်းပူဇော်ပါ့မယ်၊ ကဲ ပြောနေကြာတယ်"

"ဟေ့ကောင် အောင်မောင်းနေဦး၊ တစ်ပိုင်းနဲ့တင် မရဘူး၊ အမြည်း ကလိုသေးတယ်၊ မင်းကို ပညာထပ်ပေးရဦးမယ်၊ ဖြေနိုင်ရင်ဖြေ မဖြေနိုင်ရင် အမြည်းတစ်ပွဲပဲ"

အောင်မောင်း ထိုင်နေရာက ထမယ့်အလုပ်မှာ စာစီဆရာကိုကျော်မိုး က တားပြန်တယ်။ ပညာပြပြန်တယ်။

"ရပါတယ်ဆရာရယ်၊ ဆရာတို့ထဲမှာ ကျွန်တော်က အငယ်ဆုံး အနု ဆုံးပါ၊ သင်စရာရှိရင် သင်ပါ"

"ကောင်းပြီ ငါမေးမယ်၊ ငါပြောတဲ့ စာကြောင်းကို မင်းဘယ်လို စာစီမလဲဆိုတာ ပြော"

"အမိန့်ရှိပါ ဆရာရယ်"

"အညာက ပြန်လာတဲ့ လှေသမား ညချမ်းမှာ သူ့ရွာဆိပ်ကမ်းရောက် လို့ တက်ချသည်၊ ကဲ အဲဒီစာကြောင်း မင်းဘယ်လိုမလဲ (တက်)ကို ဘယ်ဘက်ကပ်မလဲ၊ ဘယ်လိုချဲမလဲ ပြော"

"ဟိုက် ရေင်ပိုင် အရှင်ကြီး ကယ်တော်မူပါ"

❐

mgyoe.com

mgyoe.com

# ၅

ပုံနှိပ်လောကမှာ ပျော်စရာကလေးတွေရှိသလို စိတ်ညစ်စရာ စိတ်မချမ်းသာစရာတွေလည်း အများကြီးပါပဲ။

အလုပ်ပါးလို့ နားရတဲ့ရက်တွေရှိသလို အလုပ်ပေါ်လာတာနဲ့ အရေးမကြီးတဲ့ စာအုပ်ရယ်လို့ မရှိပါဘူး။ နေ့မီးညမီးဆက်ပြီး တရကြမ်း လုပ်ရပါတယ်။ မအိပ်မနေလုပ်ရမြဲပါ။

အထူးသဖြင့် မဂ္ဂဇင်းဝင်လာရင် ပိုဆိုးပါတယ်။ လကုန်ခါနီးမှ စာမူတွေတစ်ထပ်ကြီး ရောက်လာပြီး နောက်လမဆန်းခင် စာအုပ်ထွက်ချင်ကြပါတယ်။

ထွက်သမျှ မဂ္ဂဇင်းအားလုံးက အပြိုင်အဆိုင်ဆိုတော့ ပိုအရေးကြီးပါတယ်။ ဖိအားတွေ တွန်းအားတွေ အမျိုးမျိုးပေးပြီး နှိပ်စက်တော့တာပါပဲ။ မဂ္ဂဇင်းထွက်ရက်နောက်ကျရင် ပုံနှိပ်တိုက်က တရားခံဖြစ်တော့တာပါပဲ။

ရောင်းကောင်းရင် တော်ပါသေးရဲ့။ ထက်ခြမ်းကွဲပြိုပြိုပြိုဆိုရင် မိုးမီးလောင်တော့တာပါပဲ။ အဆိုအဆဲနဲ့ အမဲခံရတော့တာပါပဲ။

ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ဘာသာပြန်၊ သိပ္ပံ၊ ဝိဇ္ဇာ၊ ရုပ်ရှင်၊ ဂီတ၊ ဂမ္ဘီရ၊ ဗေဒင်၊ ကာတွန်းရယ်လို့ အခန်းကဏ္ဍတွေက အများကြီးပါ။ တစ်လနဲ့တစ်လ ပုံမှန်လည်း မဟုတ်ပါဘူး။ ငါးပွက်ရာ ငါးစာချသလို

mgyoe.com

mgyoe.com


ရှံ့ချည်နှပ်ချည်နဲ့ပါ။ ပုဂ္ဂလိကမဂ္ဂဇင်းတွေဆိုတော့ ပိုဆိုးပါတယ်။

ပထမဆုံး ပေးလာတဲ့ ဆောင်းပါးစာမူတွေကို စီပြီးမှ နောက်ထပ်ပေးတဲ့ ဆောင်းပါးက အရေးကြီးတယ်လို့ ဖြစ်ပြန်တယ်။ မပါရင် မဖြစ်ဘူးတဲ့။ ဗီအိုင်ပီ ဆောင်းပါးတဲ့။

ဒီတော့ စီပြီးသားစာတွေက ပုံနှိပ်စက်ပေါ်တင်ပြီး ရိုက်လို့ မရတော့ဘူး။ နောက်ထပ်စီစရာလည်း ခဲစာလုံးက မရှိတော့ဘူး။ စာလုံးတွေအိပ်ကုန်တယ်။

ခဲစာလုံးက စီပြီးသားဟာကို ရိုက်။ ရိုက်ပြီးတာနဲ့ စာခွက်ထဲ ပြန်ပစ်ထည့်။ ထည့်ပြီးမှပြန်စီ။ အဲသလို လုပ်ရတာ။ ဒါမှလည်တယ်။

လေးငါးဖောင်စာထက်ပိုပြီး ဘယ်တိုက်မှ ခဲစာလုံးတွေ တစ်လှေကြီးဝယ်မထားနိုင်ဘူး၊ ထားစရာနေရာလည်း မရှိဘူး။

ဒီတော့ ဘယ်လိုဖြစ်လဲ စီပြီးသား ခဲစာလုံးတွေကို ပြန်ဖျက်ရတယ်။ ပြန်ပစ်ရတယ်။ လုပ်အားတွေအလကားဖြစ်တယ်။ အချိန်တွေကုန်တယ်။ အလုပ်သမားတွေ တအားပင်ပန်းတယ်။

နောက်လာပေးတဲ့ဆောင်းပါးကို တစ်ကစပြီး ပြန်စီရတယ်။ အဲ ပြန်စီလို့ အားလုံးလည်းပြီးရော ဒုက္ခဖြစ်ပြန်ရော။

နောက်ဆောင်းပါးနဲ့ တွဲရမယ့် ပန်းချီခေါင်းစီး ဒီဇိုင်းကဘလောက်က မရပြန်ဘူး။ ဘလောက်တိုက်ကိုတောင် မရောက်သေးဘူး။ ပန်းချီဒီဇိုင်းဆရာဆီမှာ အပ်ထားတုန်းသေးရော။ အားလုံးပြန်ဖျက်။

ဝတ္ထုလည်း ဒီလိုပဲ။ စာစီပြီးမှ ပြန်ဖျက်ရတာတွေ၊ စာဖောင်သွင်းပြီးမှ ပြန်ဖျက်ရတာတွေ၊ ပြန်ထုတ်ရတာတွေ မရေတွက်နိုင်ဘူး။

စူပါစာရေးဆရာနဲ့ ဆရာမတွေရဲ့ ဝတ္ထုတွေဝင်လာတာနဲ့ စီပြီးသား ဝတ္ထုတွေ ပြန်ဖျက်ရတာပဲ။ ပန်းချီဘလောက်တွေ မရလို့ ဖြုတ်ထုတ်ဖျက် လုပ်ရတာလည်း အကြိမ်ကြိမ်ပဲ။

ကဗျာ၊ ဘာသာပြန်၊ ရုပ်ရှင်၊ ဂီတ အားလုံးလိုလို ဒီအတိုင်းပဲ။ ဘယ်ဟာမှ ရှောရှောရှူရှူ မပြီးဘူး။ အခက်အခဲနဲ့ အတားအဆီးတွေ အားလုံးပြီးလို့ ပုံနှိပ်စက်ပေါ်တင်တော့မယ်လုပ်မှ မင်းသားမင်းသမီးနဲ့ အဆိုတော်ဆိုတဲ့လူတွေက ကန့်ကွက်လို့ ရပ်ခဲ့ရတဲ့အကြိမ်တွေကလည်း အပ်

mgyoe.com

mgyoe.com


ကြောင်းထပ်နေပြီ။ ကားစုတ်ကြီးလိုပါပဲ။ တအားအော်နေပေမယ့် ခရီးမတွင်ပါဘူး။ ဟိုနေရာထိုးရပ် ဒီနေရာထိုးရပ်နဲ့ပါ။

ဒီလိုနဲ့ပဲ တရွတ်တိုက်ပြီး လုပ်ရင်းကိုင်ရင်းနဲ့ လကုန်မြဲပါပဲ။ အဲ့ဒီမှာ မျက်ဖြူဆိုက်ပြီး ဖုတ်ပူမီးတိုက် ဖြစ်တော့တာပဲ။ မုန့်လေပွေဖုတ်သလို လုပ်ရတော့တာပါပဲ။ ရစ်တော့ လောတော့တာပါပဲ။

အောင်မောင်းတို့အားလုံး မအိပ်ရပါတော့ဘူး။ တစ်နေ့မဟုတ်ပါဘူး။ တစ်ညမဟုတ်ပါဘူး။ မဂ္ဂဇင်းမပြီးမချင်း ငရဲပြည်ရောက်ရသလိုပါပဲ။

မဂ္ဂဇင်းလည်း ပြီးရော လူတွေလည်း မထနိုင်ကြတော့ပါဘူး။ ဆေးခန်းရောက်တဲ့လူရောက်။ အရက်ဆိုင်ရောက်တဲ့လူရောက်ပါပဲ။

အဲ မဂ္ဂဇင်းလည်းထွက်ပြီးရော အောင်မောင်းတို့လည်း ပြစ်မှုကျူးလွန်သူ ရာဇဝတ်ကောင်တွေ ဖြစ်တော့တာပါပဲ။

မှားပြီလေ။ သေပြေးရှင်ပြေး လုပ်ရတော့ အမှားက ဘယ်မှာကင်းတော့မှာလဲ။

ပြီးတော့ အစိုးရ ပုံနှိပ်တိုက်ကြီးတွေလို အဆင့်ဆင့်ကြည့်ရှုစစ်ဆေး ပြင်ဆင်နေနိုင်တာ မဟုတ်ဘူး။ စာပြင်ဆရာတစ်ယောက်တည်းက ဒုန်းစိုင်းပြင်ပြီး တစ်ခါတည်း တန်းရိုက်ရတာ။

ပြီးတော့ မဂ္ဂဇင်းဆရာတွေရဲ့ မကျက်တကျက် ဟတ်ဗိုင်အယ်ဒီတာကချပေးတဲ့ ဒန်ဘင်အထားအသိုနဲ့ ဒစ်ပလေး အပြင်အဆင်ကလည်း ဘယ်လိုမှ ပီပြင်တာမဟုတ်ဘူး။ ရှုံ့ချည်နှပ်ချည်နဲ့၊ လိုတိုးပိုလျှော့လုပ်လို့ မဆုံးဘူး။ ပုံနှိပ်စက်ပေါ်ရောက်တဲ့ထိ ဦးကဟာ ပဲ့ပြောင်း၊ ပဲ့ကဟာ ဦးပြောင်းနဲ့ မီးခိုးမဆုံး မိုးမဆုံးပဲ။ ဒီတော့ မှားတာတောင် နည်းသေးတယ်။

ခတ်ပုံတွေနဲ့ ယှဉ်တွဲဖော်ပြရတဲ့ ၁၂ ပွိုင့် စာလုံးသေးသေးလေးတွေနဲ့စီရတဲ့ ပုံစာတွေက ပိုဆိုးတယ်။ ပုံနဲ့စာလည်း လွဲကုန်တယ်။

ခင်ယုမေက ချိုပြုံးဖြစ်တယ်။ မင်းနောင်က မင်းလောင်ဖြစ်တယ်။ အမေရိကန်သမ္မတက အမေရိကန်ဓားပြဖြစ်တယ်။ ဘုန်းကြီးက အုန်းသီးဖြစ်တယ်။ အများကြီးပါပဲ။

စာကူးစာဆက်တွေကလည်း မမှန်ဘူး။ စာညွှန်းတွေ လွဲပါတယ်။ စာမျက်နှာ ( ) မှာ ဆက်ဖတ်ပါဆိုပေမယ့် နောက်ပိုင်း ဘယ်စာမျက်နှာမှာ

mgyoe.com

mgyoe.com
မှ မဆက်တော့၊ မပါတော့ပါဘူး။ ဒါမျိုးတွေကလည်း မနည်းပါဘူး။

ပိုဆိုးတာက ခေါင်းစီး ၃ လိုင်း၊ လိုင်း စာလုံးကြီးတွေမှာပါ အကျ အပေါက်နဲ့ သတ်ပုံတွေ မှားပါတယ်။ မင်ကျမင်နတွေကလည်း မကောင်းပါဘူး။

မသိုးသက်န်းရက်သလို ရိုက်ရတာဆိုတော့ မည်းတဲ့သည်းတဲ့စာမျက်နှာတွေမှာ မည်းသည်းပြီး မထင်တဲ့ စာမျက်နှာတွေမှာ မထင်ဘဲ ဖြူဖပ်ဖြူရော်ဖြစ်နေပါတယ်။

ရိုက်ရတဲ့ ပုံနှိပ်စက်ကြီးကလည်း ဘိုးတော်ဘုရား လက်ထက်က စက်ကြီးပါ။ လက်ထိုး အော်တလီပိန်းစက်ကြီးပါ။ အောင်မောင်းတို့အဖေ့ထက် အသက်ကြီးပါတယ်။

ဘာပဲဖြစ်ဖြစ် နောက်ဆုံးမှာ အမှားအားလုံးအတွက် အောင်မောင်းတို့ပဲ တရားခံဖြစ်ပါတယ်။ ငါးတကာယိုတဲ့ချေး အောင်မောင်းတို့ ခေါင်းမှာ စုပါတယ်၊ ဆုံးပါတယ်။

ပုံနှိပ်တိုက်တစ်တိုက်လုံး မီးဟုန်းဟုန်း တောက်ပါတယ်။ အဆူအပူ အကြိမ်းအမောင်း ခံရပါတယ်။ သုံးမရအောင်ဖြစ်ရပါတယ်။ စိတ်ရောကိုယ်ပါ ပင်ပန်း ဆင်းရဲရပါတယ်။ အတွေ့အကြုံနဲ့ ပညာတွေ အများကြီးရပါတယ်။

"ဟေ့ကောင် အောင်မောင်း၊ မင်း ထမင်းစားမသွားသေးဘူးလား၊ တို့ပြန်တော့မယ်"

မုန်တိုင်းကျပြီး ငြိမ်သွားချိန်မှာ ဆရာ ဦးတင်ဖေနဲ့ ကိုဘပုတို့ အောင်မောင်းနား ရောက်လာကြတယ်။

အောင်မောင်းက စက္ကူထုပ်ပုံပေါ်မှာထိုင်ပြီး မှိုင်နေငိုင်နေတယ်။ ဆရာကျော်နဲ့ မဂ္ဂဇင်းထုတ်ဝေသူ ပိုင်ရှင်ဦးဘစိုးတို့လည်း ပြန်သွားကြပြီ။

"ထမင်းလည်း မစားချင်တော့ပါဘူးဗျာ၊ ရွာပြန်ပြီး ယာလုပ်ရရင် ကောင်းမလားလို့"

ဆရာ ဦးတင်ဖေနဲ့ ကိုဘပုတို့ ပြုံးကြတယ်။ တောက်တောက်ပပ တော့ မဟုတ်ပါဘူး။ မချိပြုံးပါ။

"မင်းက နုသေးတာကိုကွ၊ အလုပ်လုပ်ရင် အမှားဆိုတာတော့ ရှိမှာ
mgyoe.com

mgyoe.com

ပေါ့ကွာ၊ မင်း တစ်ယောက်တည်းလည်း မဟုတ်ပါဘူး၊ တို့က ပိုခံရပါတယ်၊ ပိုပြီးလည်း တာဝန်ရှိပါတယ်။ ဘယ်သူ့ကိုမှလည်း လွှဲမချပါဘူး၊ တို့ပဲ ခေါင်းခံပြီး ခါးစည်းခံလိုက်တာ မင်းအမြင်အသိပဲ၊ အရေးကြီးတာက တို့တစ်တွေညီညီညွတ်ညွတ် စည်းစည်းလုံးလုံးနဲ့ ညီအစ်ကို အရင်းအချာတွေလို ချစ်ခင်နေကြဖို့ပဲ"

အောင်မောင်း စိတ်ဓာတ် ကျဆင်းနေမှန်းသိလို့ ဆရာကိုဘပုက ကျောသပ်ပြီး နှစ်သိမ့်အားပေးတယ်။ ပိုခံရတဲ့ သူတို့အဖြစ်ကို မေ့ထားကြတယ်။

"အရေတော့ ထူရမှာပေါ့ကွာ၊ တို့ဘက်က နောက်မမှားအောင်လည်း စုပေါင်းကြိုးစားကြရမှာပေါ့၊ ထွက်ပြေးတယ် ဆိုတာကတော့ တို့တစ်တွေ လုပ်ရမယ့် အလုပ်မျိုး မဟုတ်ဘူးကွ"

ဆရာဦးတင်ဖေကလည်း အောင်မောင်း ခေါင်းကို ပုတ်ပြီး တူသားတစ်ယောက်လို ပိုက်ပိုက်ထွေးထွေး နှစ်သိမ့်တယ်။

"လာကွာ အောင်မောင်း၊ အပြင်ထွက် ထမင်းစားမနေပါနဲ့တော့၊ ငါနဲ့လိုက်ခဲ့၊ တို့အိမ်မှာစား၊ အိပ်၊ မနက်မှအတူ ပြန်လာကြတာပေါ့"

ကိုဘပုက အောင်မောင်း စိတ်ပြေလက်ပျောက် ဖြစ်အောင် သူ့အိမ်ကို ခေါ်တယ်။

"ကျေးဇူးပါပဲ အစ်ကို၊ ကျွန်တော် လိုက်လို့မဖြစ်ဘူး၊ တိုက်စောင့်မယ့်လူ မရှိဘူး"

"သော့ခတ်ထားခဲ့ပေါ့ကွာ"

"ဆရာကျော်ကို မပြောဘဲ သွားလို့မဖြစ်ဘူး အစ်ကိုရယ်၊ နောက်မှ လိုက်ပါ့မယ်"

"ဟုတ်ရဲ့လားကွာ၊ ထမင်းဆိုင်က ကောင်မလေးမျက်နှာ မမြင်ရမှာ စိုးလို့လား၊ ငါ့ခယ်မကလည်း လှပါတယ်ကွာ"

မကြည်လင်တဲ့ အခြေအနေတွေ ပျက်ပြယ်သွားအောင် ကိုဘပုက အရွှန်းဖောက်ပြီး နောက်တယ်၊

ကိုဘပုညွှန်းမှပဲ သူစားနေကျ ထမင်းဆိုင်က မလေးမြိုင်ကို အောင်မောင်း သတိထားမိတယ်။ မလေးမြိုင်တို့ဆိုင်မှာ အောင်မောင် ထမင်း

mgyoe.com

mgyoe.com


စားခဲ့တာ ကြာပါပြီ။ အောင်ရတနာပုံနှိပ်တိုက်မှာ ဘော်ဒါဖြစ်ကတည်းက ဆိုပါတော့။

မလေးမြိုင်တို့ဆိုင်က ပေါချောင်ကောင်းဆိုင်ကလေးပါ။ ဝေးလည်း မဝေးပါဘူး။ အမြည်းဆိုင်တန်းနဲ့ တစ်ဆက်တည်းပါ။ လမ်းဘေးဆိုင်က လေးပါ။ မလေးမြိုင်အမေ ဒေါ်မြရင်နဲ့ပါ ရင်းနှီးနေပါပြီ။ ဒါပေမဲ့ ကနေ့ထိ မလေးမြိုင်ကို အမှတ်မထင်သာ အောင်မောင်း ဆက်ဆံခဲ့ပါတယ်။

"မဟုတ်ပါဘူး အစ်ကိုရာ၊ ကျွန်တော်က ရိုးရိုးပါ"

"ဒီလိုပေါ့ကွာ၊ အစကတော့ ရိုးရိုးပေါ့၊ တစ်ခါတည်း ဆန်းလို့တော့ ဘယ်ဖြစ်ပါ့မလဲ၊ နောက်တော့လည်း တစ်မျိုးပေါ့"

"ဟာ အစ်ကိုကလည်း"

❒

mgyoe.com

mgyoe.com

၆

ဒေါ်မြရင်တို့ ထမင်းဆိုင်ကို အောင်မောင်း ရောက်သွားတော့ မိုးချုပ်နေပြီ။ လူရှင်းနေပြီ။ တစ်ခုတည်းပဲရှိတဲ့ စားပွဲနဲ့ ခုံတန်းလျားမှာ အောင်မောင်း ဝင်ထိုင်တယ်။ လူက ခါတိုင်းလို မသွက်ဘူး။ ထုံထုံထိုင်းထိုင်း ငေးငေးငိုင်ငိုင် ဖြစ်နေသည်။

ဒေါ်မြရင်က ထမင်းအိုး ဟင်းအိုးနဲ့ ပန်းကန်ခွက်ယောက်တွေ တန်းစီ တင်ထားတဲ့ စင်မြင့်နောက်မှာ ထိုင်နေတယ်။ ဘက်ထရီမီးချောင်းလေး ထွန်းထားတဲ့ တစ်ဖက်ရပ် တဲဆိုင်ကလေးထဲမှာ မလေးမြိုင်ကို မတွေ့ဘူး။

အောင်မောင်းဝင်သွားမှ ဒေါ်မြရင်က ဆိုင်နောက်ဘက်ကို လှမ်းခေါ်တယ်။ မလေးမြိုင် ချက်ချင်းရောက်မလာဘူး။ တစ်အောင့်လောက်ကြာမှ ထွက်လာတယ်။ ခါတိုင်းညနေပိုင်းလိုမဟုတ်ဘူး။ သနပ်ခါးတွေ ဘာတွေ လိမ်းထင်းပြီးနေပြီ။ သပ်သပ်ရပ်ရပ် ဖြစ်နေတယ်။

ဒီညဘာယ်လိုဖြစ်တာလည်း မသိဘူး။ ကိုဘပုညွှန်းလိုက်လို့လား၊ ဒါမှမဟုတ် မလေးမြိုင်ကပဲ ခါတိုင်းထက်လှနေလို့လား မပြောတတ်ဘူး။ မလေးမြိုင်ကို ကြည့်ပြီး အောင်မောင်းရင်ခုန်တယ်။

"နောက်ကျလှချည်လား အစ်ကို"

mgyoe.com

mgyoe.com

"ဟုတ်တယ်၊ ပုံနှိပ်တိုက်မှာ ရာသီဥတုမကောင်းလို့"

"ဪ ဒါကြောင့် အစ်ကို့မျက်နှာ မကောင်းတာကိုး၊ ဘာဟင်းနဲ့ စားမလဲ အစ်ကို"

"ထုံးစံအတိုင်းပဲ"

"အဒေါ်တို့စိတ်ညစ်ဖို့လည်း ထားပါဦး မောင်အောင်မောင်းရယ်၊ တို့လည်း ဘယ်လိုမှ အဆင်မပြေဘူး။ အရောင်းကပါး၊ ကြွေးကျတာနဲ့ ဘာပြောင်းလုပ်ရမှန်းလည်း မသိဘူး၊ မင်းကိုမြင်တော့ စာအုပ်အဟောင်း ရောင်းရရင် ကောင်းမလားလို့"

မလေးမြိုင် ထမင်းပွဲပြင်နေတုန်းမှာ ဒေါ်မြရင်က ညည်းညည်း ညူညူ လှမ်းပြောတယ်။ သူတို့အဖြစ်ကလည်း ကရုဏာသက်စရာပါ။ ယောကျ်ားကလည်း ဆုံးပြီ။ မလေးမြိုင်အောက်မှာ ကလေးသုံးယောက် ရှိသေးတယ်။

"ဥက္ကလာမှာတော့ အဆင်ပြေမှာမဟုတ်ဘူးအဒေါ်၊ ရန်ကုန်ထဲမှာ ရောင်းရင်တော့ ကောင်းမလားမသိဘူး၊"

"အေးကွယ် မလိုလည်း လိုလည်းပေါ့၊ လုပ်ဖြစ်ရင်တော့ ကူညီနော်"

"ဟုတ်ကဲ့"

မလေးမြိုင်က ထမင်းပွဲပြင်ပြီး အောင်မောင်းရှေ့မှာ လာချပေးတယ်။ ခါတိုင်းလိုပါပဲ။ အမဲသားဟင်း၊ ချဉ်ရည်ကျဲ၊ ငါးပိရည်နဲ့ တို့စရာများပါ။

"အစ်ကိုက ငါးပိရည်မကြိုက်ဘူး၊ ငံပြာရည်ကြော်ရှိတယ်၊ ခဏလေး နော်"

အောင်မောင်းရှေ့က မလေးမြိုင်ပြန်ထွက်သွားတယ်။ ငံပြာရည် ကြော်ခပ်ပြီး ပြန်လာချတယ်။

"မလေးတို့ကော စားပြီးကြပြီလား"

"မစားရသေးပါဘူး အစ်ကိုရယ်၊ သိမ်းဆည်းပြီး အိမ်ပြန်ရောက်မှ မိသားစုအားလုံး ဝိုင်းစားကြရတယ်"

"ဪ"

ဆိုင်ကလေးထဲမှာ လူရှင်းနေလို့ မလေးမြိုင်က အောင်မောင်းနဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်တယ်။

mgyoe.com

mgyoe.com


"အစ်ကိုတို့ ပုံနှိပ်တိုက်မှာ ဘယ်လိုဖြစ်ကြလို့တုံး"

"မဂ္ဂဇင်းရိုက်တာ အမှားတွေများလို့ မှန်တိုင်းကျတယ်လေ၊ အဆူအပူ အကြိမ်းအမောင်း ခံရတယ်ပေါ့"

"မှားရင် လျော်ရတယ်ဆို"

"အစ်ကိုတို့ကတော့ မလျော်ရပါဘူး၊ ဆရာကျော်က ခေါင်းခံတယ်၊ တာဝန်ယူတယ်"

"အစ်ကိုတို့အလုပ်ကောင်းတယ်နော်"

"ခုထိတော့ မဆိုးပါဘူး၊ ဒါပေမဲ့ ရန်ကုန်ထဲလောက်တော့ မကောင်းဘူး၊ ဝေးတော့ မလာကြဘူး။ ဆရာကျော်က ကိုယ်ပိုင်စာအုပ်တွေရိုက်တော့ တော်သေးတာပေါ့၊ ဆရာက အလုပ်များတယ်၊ ကုန်သွယ်လယ်ယာရုံးမှာလည်း လုပ်တယ်။ ဆရာ့အဖေက ပုံနှိပ်တိုက်ကို ကြီးကြပ်တယ်၊ လာထိုင်တယ်"

"အမေပြောတဲ့အလုပ် လုပ်ဖြစ်ရင် အစ်ကိုကူညီနော်"

"စိတ်ချ"

"သားသမီးတွေထဲမှာ မလေးက အကြီးဆုံးဆိုတော့ အမေကလွဲရင် မလေးပဲလေ"

"ဟုတ်တာပေါ့"

"ဘာလဲ၊ အစ်ကို စိတ်ပိုညစ်သွားပြီလား"

"မဟုတ်ပါဘူး၊ မလေးတို့ဘဝနဲ့စာတော့ အစ်ကိုအဖြစ်က ဘာမှ မဟုတ်ပါလားလို့ တွေးမိလို့ပါ"

မလေးမြိုင် ပြုံးတယ်။ ဘာအရောင်မှ မပါတဲ့ ဖြူစင်တဲ့အပြုံးပေါ့၊ အောင်မောင်း ရင်ခုန်တယ်။ မလေးမြိုင်တို့ဆိုင်ရောက်တော့ ပုံနှိပ်တိုက်က ပြဿနာတွေ တစစလွင့်ပြယ်သွားတယ်။ မေ့တယ်။

လိုက်ပွဲယူဦးမလား၊ အစ်ကို စားမကောင်းဘူးလား"

"တော်ပါပြီ၊ ခါတိုင်းလိုပါပဲ"

"ခဏထိုင်ဦးနော် အစ်ကို၊ အမေစားတဲ့ ထန်းလျက်ခဲရှိတယ်၊ အစ်ကိုတို့ အညာသားတွေ ကြိုက်တတ်ပါတယ်"

မလေးမြိုင်က အောင်မောင်းစားပြီး ထမင်းပွဲဟင်းပွဲတွေကို သိမ်း

mgyoe.com

mgyoe.com


သွားတယ်။ သူ့ကြည့်ရတာ သမင်ပျိုမလေးလိုပဲ။ ထန်းလျက်ပန်းကန်နဲ့ ရေနွေးကြမ်းပွဲသယ်ပြီး ပြန်ရောက်လာတယ်။

ထမင်းဟင်းအိုးတွေ နောက်မှာ ထိုင်နေတဲ့ ဒေါ်မြရင်က ထိုင်ရာက ထလာပြီး သားအလတ်ကောင် ကျူရှင်အပြန် သွားကြိုမယ်ဆိုပြီး ထွက်သွားတယ်။

"စားလေ အစ်ကို"

"အားနာစရာကြီး"

အောင်မောင်းသွက်လာတယ်။ ရင်ထဲလည်း ပေါ့ပါးလာသလိုပဲ။ မုန်တိုင်းရဲ့နောက်က လေပြေလေညင်းကလေး ပါလာသလိုပါပဲ။

"အစ်ကို့စကားက မစိမ်းလွန်းဘူးလား"

"အစ်ကိုက အညာသားပါ။ ချမ်းရင်လည်း အရမ်းပဲ၊ ပူရင်လည်း ဘယ်သူနဲ့မှမတူဘူး၊ ဖြူရင်လည်း ဘယ်တော့မှ မစိမ်းဘူး"

"အစ်ကိုက စာရေးဆရာလား၊ စာစီဆရာလား၊ ဟင်"

"ပြောပြီးပြီလေ အညာသားပါ"

"အညာမှာ ဘာတွေပေါလဲ"

"နှမ်းတွေ ပဲတွေပေါတယ်၊ ဒါပေမဲ့ လူတွေက ဆင်းရဲတယ်"

"အညာသားလို့ မပြောရဘူး၊ ကြွားလိုက်တာ"

"အမှားပါရင် ခွင့်လွှတ်ပါ"

"အညာက အများကြီး၊ အစ်ကိုက ဘယ်ကလဲ"

"စေတုတ္တရာမြို့နယ်၊ ညောင်ပင်သာရွာက"

"ဘာလုပ်လဲ"

"ယာလုပ်တယ်"

"ညီအစ်ကို မောင်နှမ ဘယ်နှယောက်ရှိလဲ"

"ကိုးယောက်"

"အစ်ကိုတို့က လူချမ်းသာတွေပဲ။ ဒါနဲ့များ ဆင်းရဲတယ်ဆို"

"မဆင်းရဲပါဘူး၊ မွဲတာပါ"

"ညီအစ်ကို မောင်နှမကိုးယောက်မှာ အစ်ကိုက နံပါတ် ဘယ်လောက်လဲ"

mgyoe.com

"ငါး"

"အစ်ကို ဘယ်နှယောက်၊ ညီမ ဘယ်နှယောက်လဲ"

"ဘာလဲ၊ သန်းခေါင်စာရင်းကောက်နေတာလား"

"ဩော်... အစ်ကိုရယ်"

သည်ညက အောင်မောင်းနဲ့ မလေးမြိုင်တို့ စကားလက်ဆုံပြောမကုန်ကြတော့ပါ။ ဘာမှတော့ အရေးကြီးလှတာတွေ မဟုတ်ပါဘူး။ သူ့အကြောင်း ကိုယ့်အကြောင်း ရှေးဖြစ်နှောက်ကြောင်းတွေပါ။

ဒါပေမဲ့ သာယာလှပပြီး လသာတဲ့ညတစ်ညလိုပါ။

❐

mgyoe.com

mgyoe.com

# ၇

နောက်အပတ် တနင်္ဂနွေနေ့မှာ အောင်မောင်းတို့ နားရပါတယ်။ တနင်္ဂနွေနေ့တိုင်း နားရတာမျိုးတော့ မဟုတ်ပါဘူး။ အလုပ်ပြတ်လို့ နားရတာပါ။ အလုပ်ရှိရင် ရှိသလို ဆင်းရပါတယ်။ ပိတ်ရက်ရယ်လို့ တိတိကျကျ မရှိပါဘူး။ ဘာသာရေး အခါကြီးရက်ကြီးတွေမှာတော့ ပိတ်တတ်ပါတယ်။

ဆရာကျော်ကို အောင်မောင်း ချောင်းနေတာကြာပါပြီ။ နေ့တိုင်းတွေ့နေရပေမယ့် ဆရာကျော် မအားတာရယ်၊ ညှော့သည်များရှိနေတာရယ်၊ သူကိုယ်တိုင်က အလုပ်လုပ်နေရတာရယ်ကြောင့် ဆရာကျော်နဲ့ စကားပြောခွင့်မရပါဘူး။

သည်နေ့တော့ ပိတ်ရက်လည်းဖြစ်၊ နေလယ်ကတည်းက ဆရာကျော်လည်း ရောက်နေပြီး ပုံနှိပ်တိုက်ရှေ့ခန်းမှာ တစ်ယောက်တည်း ရှိနေလို့ အောင်မောင်းအတွက် အခွင့်ကောင်းဖြစ်သွားတယ်။

"ကျွန်တော့်ကို ဝင်ခွင့်ပြုပါ ဆရာကျော်"

"ဟော့ အောင်မောင်း၊ လာလေကွာ"

ဆရာကျော်က သတင်းစာဖတ်နေရင်းက ခေါင်းမဖော်ဘဲ မျက်မှန်ကြားက မော်ကြည့်ပြီး ထူးခြားနေသလို စကားဆိုတယ်။

mgyoe.com

mgyoe.com

အောင်မောင်း အခန်းထဲ ဝင်သွားပြီး ဆရာကျော့် စားပွဲရှေ့က မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ဝင်ထိုင်တယ်။

"ဘာပြဿနာရှိလဲ မောင်အောင်မောင်း။ မင်းက ငါ့ရဲ့သားတပည့်လိုဖြစ်နေတော့ မိန်းမတောင်းပေးရမှာလား၊ ရှင်ပြုပေးရမှာလား ပြော"

အောင်မောင်း ပြုံးမိတယ်။ ဆရာကျော်က အလုပ်များနေတဲ့အခါမျိုး ကလွဲရင် သဘောကောင်းတယ်၊ ပျော်တတ်တယ်။

"မဟုတ်ပါဘူး ဆရာ၊ ဆရာ့ဆီက ကျွန်တော် အကူအညီတောင်းချင်လို့ပါ"

"ဘာလဲကွ မောင်အောင်မောင်း၊ လုပ်ခ ပိုတောင်းတော့မလို့လား"

"အဲ့ဒါလည်း မဟုတ်ပါဘူး ဆရာ"

"ဟင်... ကဲ ဒါဖြင့် ဘာလဲပြော"

"စာအုပ်ဟောင်းရောင်းတဲ့ လုပ်ငန်းအကြောင်း သိချင်လို့ပါ"

"ဟေ မင်းက စာအုပ်ဟောင်း ရောင်းတော့မလို့လား၊ ငါ့ဆီမှာ မလုပ်တော့ဘူးလား၊ သူဌေးဖြစ်ကြံတာလား၊ မင်းကို ငါက ယုံကြည်အားကိုးနေရတာ"

"ကျွန်တော်ကိုယ်တိုင်ရောင်းမှာ မဟုတ်ပါဘူး ဆရာ၊ ကူညီရမယ့်လူ ရှိလို့ပါ"

"ဩော်... ဒီလိုလား၊ တန်တော့ မကင်းရာ မကင်းကြောင်း ဆွေမျိုးပေါက်ဖော် ဘာညာကွိကွအတွက်ပေါ့ ဟုတ်လား"

အောင်မောင်းပြုံးမိပြန်တယ်။ ဘာမှတော့ ပြန်မပြောဘူး။ ခေါင်းညိတ်တယ်။

"ထားပါတော့ကွာ၊ စာအုပ်ဟောင်းလိုင်းနဲ့ ပတ်သက်လို့တော့ မင်းငါ့လည်း သိပ်အထင်မကြီးနဲ့၊ အဲ့ဒီပညာကလည်း အကျယ်ကြီး၊ ပြောပြရုံနဲ့လည်း မတတ်နိုင်ဘူး။ လေ့လာရမယ်၊ ကွင်းဆင်းရမယ်၊ လက်တွေ့လုပ်ရမယ်၊ ငါကိုယ်တိုင်လည်း ထမင်းစား ရေသောက်လောက်ပဲ သိတယ်၊ တတ်တယ်။"

"ဟုတ်ကဲ့ ဆရာ၊ ဆရာတတ်သလောက်ပဲ ကျွန်တော် သိပါရစေ"

"ကောင်းပြီ စာအုပ်ဟောင်းလိုင်းမှာ (၁) တိုက်ကျစာအုပ် (၂)

mgyoe.com

mgyoe.com

နှစ်ရိုက်စားစာအုပ်၊ (၃) နယ်ပြန်စာအုပ်၊ (၄) စင်ဖြိုစာအုပ်၊ (၅) အတိုအရှည်စာအုပ်၊ (၆) လက်ဆောင်ဒါနစာအုပ်၊ (၇) အမှိုက်ပုံစာအုပ်၊ (၈) ကောက်သင်းစာအုပ်၊ (၉) ဆန်ဆီစာအုပ်နဲ့ (၁၀) နိဂုံးစာအုပ်ပေါ့ကွာ"

"များလှချည်လား ဆရာရယ်"

အောင်မောင်း တအံ့တသြဖြစ်ရတယ်။ အံ့သြကုန်နိုင်ဖွယ်ဖြစ်ရတယ်။ ဒီလောက် များပြားကျယ်ဝန်းလိမ့်မယ်လို့ သူဘယ်တုန်းကမှ မတွေးထင်ခဲ့ဘူးပါ။

"အဲဒါတောင် ငါမသိတာတွေ အများကြီးကျန်သေးတယ်"

"တစ်ခုချင်းရှင်းပြပါဦး ဆရာ"

"မင်းနားလည်ဖို့က စာအုပ်အဟောင်းဆိုပေမယ့် အားလုံး အဟောင်းတွေချည်း မဟုတ်ဘူးနော်၊ ဥပမာကွာ (၁) တိုက်ကျစာအုပ်ဆိုတာ စာအုပ်ကတော့ အသစ်တွေပဲ၊ အဟောင်းဈေးနဲ့ ရောင်းလို့ အဟောင်းလိုင်းထဲဝင်သွားတာ။ အဲဒါကတော့ ရှင်းပါတယ်၊ စာအုပ်တိုက်တွေက ရိုက်နှိပ်ထုတ်ဝေတဲ့ ဝတ္ထု၊ ကာတွန်း၊ ရုပ်ပြကစ ဘာသာရေး ကျမ်းတွေထိပေါ့ကွာ၊ ဘယ်လိုမှရောင်းမကုန်တော့တဲ့ စာအုပ်လက်ကျန်တွေကို အဟောင်းဈေးပို့တာပဲ၊ ဈေးနှုန်းကတော့ အမျိုးမျိုးပေါ့၊ စာအုပ်အမျိုးအစားအလိုက် ဈေးကွက်ဝင်မဝင်အပေါ်မှာ မူတည်ပြီး အလကားမတ်တင်းက တစ်ဝက်ဈေးထိရှိတယ်"

"အလကားမတ်တင်း ဟုတ်လားဆရာ၊ အဲဒါဘယ်လိုလဲ"

"တချို့စာအုပ်က အဟောင်းဈေးမှာကို ရောင်းလို့မကုန်ဘူးကွ၊ ပြန်အမ်းရတယ်၊ ပိဿာနာချိန်နဲ့ရောင်းရင်ရောင်း၊ ဒါမှမဟုတ် ဟိုတုန်းကတော့ အစီခံလုံးဖို့ ရောင်းရတယ်၊ အုပ်ရေကလည်းမနည်းဘူး၊ ရာဂဏန်းက စပြီး ထောင်ဂဏန်းထိရှိတယ်"

"သြော်"

"တို့လည်း ချရတာပဲ၊ တိုက်ကျ စာအုပ်ဟောင်းတွေကို ရန်ကုန် ၃၃ လမ်းက သဇင်စာပေ ဦးတင့်ဆွေ၊ မြတ်ဆုရစာပေ ဦးသိမ်းမောင်နဲ့ ၃၂ လမ်းက ထွန်းဝင်းအောင်စာပေမှာ အများဆုံး ရောင်းလို့ဝယ်လို့ရတယ်"

ဆရာကျော်ခဏနားတယ်။ အရှည်ကြီး ရှင်းပြနေရလို့ အာခြောက်သွားဟန်ရှိတယ်။ အောင်မောင်း ငြိမ်နေရတယ်။

mgyoe.com

"နံပါတ် (၂) ရိုက်စားဆိုတာကတော့ကွာ အဟောင်းချဖို့ကို သီးသန့် ပြန်ရိုက်တဲ့ စာအုပ်မျိုးပေါ့၊ များသောအားဖြင့်တော့ ဘလောက်တုံးတွေ ဖလင်တွေ ရှိပြီးဖြစ်တဲ့ ကာတွန်းစာအုပ်တွေကို ခိုးရိုက်ကြတာ၊ တခြား စာအုပ်မျိုးစုံလည်း ရှိသင့်သလောက်တော့ ရှိတာပေါ့"

"နံပါတ် (၃) နယ်ပြန်ဆိုတာကတော့ကွာ အနယ်နယ် အရပ်ရပ်မှာရှိတဲ့ စာအုပ်ဆိုင်တွေနဲ့ ကိုယ်စားလှယ်ကြီးတွေဆီ အမှာစာအရရော၊ မမှာဘဲနဲ့ရော စာတိုက်၊ မီးရထား၊ ကား၊ သင်္ဘော၊ လေယာဉ်နဲ့ပို့လိုက်တဲ့စာအုပ်တွေ မရွေးဘဲ မကုန်ဘဲ ပြန်လာတဲ့အခါ အဟောင်းဈေးထဲ ရောက်လာတဲ့ အမျိုးအစားပေါ့၊ ဒီစာအုပ်မျိုးတွေကလည်း မနည်းလှဘူးကွ"

"နယ်က မမှာဘဲနဲ့လည်း ပို့တာပဲလားဆရာ"

"ဘူစာအုပ်တွေကတော့ ပို့တာပဲကွ၊ အဲဒါကို တွန်းတယ်လို့ ခေါ်တယ်၊ အကုန်မရွေးတောင် တစ်ဝက်လောက်ရွေးလိုက်ရင်လည်း အမြတ်ပဲဆိုပြီး တွန်းကြတာပဲ"

"မလွယ်ပါလား ဆရာရယ်"

"အေး မလွယ်တာတော့ ဘယ်အလုပ်မှမလွယ်ဘူးကွ၊ အမျိုးမျိုးလုပ်ကိုင်စားသောက်ကြတာပဲ၊ နံပါတ် (၄) စင်ဖြိုဆိုတာကတော့ စာပေဝါသနာရှင်တွေ၊ စာပေပညာရှင်တွေနဲ့ စာရေးဆရာတွေက သူတို့ထံ တစ်သက်လုံး စုဆောင်းထားတဲ့ စာအုပ်စင်ပေါ်က စာအုပ်တွေကို ဘိုင်ကျလို့ ပြန်ရောင်းတဲ့ စာအုပ်တွေပေါ့ကွာ၊ ကိုယ်မရှိရင် အမိသော်လည်း သားတော်ခဲပေါ့ကွာ၊ ရောင်းကောင်းအောင် အကြောင်းတော့ အမျိုးမျိုးပြကြတာပေါ့ကွာ၊ မထိန်းသိမ်းနိုင်တော့လို့၊ နေရာမရှိလို့တို့၊ ပိုးစားခြကိုက်လို့တို့ပေါ့"

"ရင်နာစရာ ကောင်းပါလား ဆရာရယ်"

"ကမ္ဘာမီးလောင် သားကောင်ချနင်းပေါ့ကွာ၊ (၅) အတိုအရှည်စာအုပ်ဆိုတာကတော့ တိုလို့ပုံနှိပ်တိုက်တွေ၊ စာအုပ်ချုပ်လုပ်ငန်းတွေ၊ စာပေတိုက်တွေက ငတိုတွေတိုထားလျှိုထားတဲ့ စာအုပ်တွေနဲ့ ဌာနဆိုင်ရာတွေ၊ စာကြည့်တိုက်တွေကို အပိုဆောင်းတင်ရတဲ့ စာအုပ်တွေ မှောင်ရိပ်ခိုပြီး ပြန်ထွက်လာတဲ့ စာအုပ်မျိုးတွေပေါ့ကွာ၊ တစ်ခါတလေ ပင်ရင်း စာအုပ်

mgyoe.com

mgyoe.com

တိုက်က စာအုပ်သစ်က မဖြန့်ရသေးဘူး အတိုအရှည် စာအုပ်တွေက ဈေးကွက်ထဲ အရင် ရောက်နေတတ်သေးတယ်ကွ၊ သေရော"

"အံ့သြစရာပါလား ဆရာရယ်"

(၆) လက်ဆောင်ဒါန စာအုပ်ဆိုတာကတော့ကွာ စာအုပ်တိုက်တွေက မကင်းရာမကင်းကြောင်း ပုဂ္ဂိုလ်တွေနဲ့ စာရေးဆရာတွေကို လက်ဆောင်ပေးတဲ့ စာအုပ်တွေရယ်၊ ဆယ့်နှစ်ရာသီအလှူပွဲ အမျိုးမျိုးမှာ လှူဒါန်းလိုက်တဲ့ စာအုပ်တွေရယ် အဟောင်းဈေးထဲ ပြန်ရောက်လာတာမျိုးပေါ့"

"ခုနစ်၊ အမှိုက်ပုံ စာအုပ်ဆိုတာကတော့ ပေါ်တယ် ကုလားတွေ လျှောက်ဝယ်တဲ့ အမှိုက်ထဲကပါလာတဲ့ စာအုပ်တွေပေါ့ကွာ၊ ဒါတွေလည်း အဟောင်းပုံထဲရောက်တာပဲလေ"

"ရှစ်၊ ကောက်သင်းစာအုပ်ဆိုတာကတော့ စာအုပ်အငှားဆိုင်တွေနဲ့ ရပ်ကွက်ထဲက လျှောက်ကောက်တဲ့ စာအုပ်မျိုးတွေပေါ့"

"ကိုး၊ ဆန်ဆီစာအုပ်ဆိုတာတာကတော့ ဆန်ဖိုး ဆီဖိုးနဲ့ အရက်ဖိုး အပါအဝင်ပေါ့ကွာ စရိတ်ပြတ်လို့ အိမ်က စာအုပ်ကလေးတွေကို ရှာကြံပြီး အဟောင်းဆိုင်လာရောင်းတဲ့ စာအုပ်မျိုးတွေပေါ့"

"တစ်ဆယ်၊ နိဂုံးစာအုပ်ဆိုတာကတော့ကွာ အစည်းအဝေးပွဲတွေရဲ့ နောက်ဆုံး အစီအစဉ်ဖြစ်တဲ့ အထွေထွေပိုင်းပေါ့၊ အခြားနည်းမျိုးစုံနဲ့ ရောက်လာတဲ့ စာအုပ်ဟောင်းတွေပေါ့"

ဆရာကျော် မောသွားဟန်နဲ့ ခဏနားတယ်။ အာရှင်းတယ်။ အောင်မောင်းလည်း ငြိမ်နေတယ်။ မှန်းချက်နဲ့ နှမ်းထွက်က တက်တက်စင်လွှဲနေတယ်။

"အခု မင်းကို ငါပြောလိုက်တော့ စာအုပ်အဟောင်းတွေ လာရာလမ်းကြောင်းကို အကြမ်းတော့ သိသွားပြီပေါ့၊ ဟုတ်လား၊ အဲ့ဒါ အစပဲရှိသေးတယ်၊ တကယ့်ပညာ မဟုတ်သေးဘူး၊ အဟောင်းပညာက အများကြီးကျယ်ဝန်းတယ်၊ စာအုပ်ဟောင်းတွေကို လိုင်းခွဲနိုင်၊ အဆင့်ခွဲနိုင်၊ ရွေးချယ်နိုင်ဖို့နဲ့ ဈေးဖြတ်နိုင်ဖို့က အတွေ့အကြုံနဲ့ ဈေးကွက်ပညာတွေ အများကြီးလိုတယ်၊ လေ့လာရမယ်၊ ကွင်းဆင်းရမယ်၊ လက်တွေ့လုပ်ရမယ်၊ ဘာသာရပ်ပေါင်းစုမှာ ဝင်ဆံ့တဲ့စာပေ အခြေခံရှိရမယ်"

mgyoe.com

"ကျွန်တော် နားမလည်နိုင်တော့ဘူး ဆရာ၊ နည်းနည်းရှင်းပြပါဦး"

"မင်းနဲ့ အနီးစပ်ဆုံး ဥပမာ ပြောမယ်ကွာ၊ ဝတ္ထုလိုင်းဆိုပါတော့၊ စင်ဖြူဆိုပါတော့။ ဆရာ တက္ကသိုလ်ဘုန်းနိုင်၊ ဆရာမြသန်းတင့်၊ ဆရာ အောင်လင်း၊ ဆရာသော်တာဆွေ၊ ဆရာဗန်းမော်တင်အောင်၊ ဆရာမ ဂျာနယ်ကျော်မမလေး၊ ဆရာမ ခင်နှင်းယု၊ ဆရာမ ခင်ဆွေဦးနဲ့ ငါတို့တစ်တွေ ရေးတဲ့ ဝတ္ထုမျိုးစုံပါလာတယ် ဆိုပါတော့ကွာ၊ အဲ့ဒီစာအုပ်တွေအားလုံးကို မင်းတစ်ယောက်တည်းလည်း မဝယ်နိုင်ဘူးဆိုပါတော့၊ တခြားအပေါင်းသမားနဲ့ ခွဲယူရမယ်ပေါ့၊ စင်ဖြူဆိုတာကလည်း အကောင်းအဆိုးအားလုံး ယူရတာကိုး၊ ကဲ အဲလိုဆိုရင် မင်းဘယ်အုပ်တွေကို ဦးစားပေးရွေးမလဲ၊ ဘယ်ဈေးပေးမလဲ"

အောင်မောင်းငေးသွားတယ်၊ ငိုင်သွားတယ်၊ ခေါင်းကုတ်တယ်၊ ခေါင်းခါတယ်။

"ဒါ မင်းနဲ့ အနီးစပ်ဆုံးလိုင်းပဲ၊ အဲ့ဒါတောင် မလွယ်ဘူးမဟုတ်လား၊ ပိုမလွယ်တာကို ပြောပြပါဦးမယ်၊ ဆရာဘုန်းနိုင်ရဲ့ စာအုပ်တစ်မျိုးတည်းကိုပဲ နမူနာအဖြစ် ပြောမယ်၊ ဈေးကွက်မှာ သူ့ကျွန်မခံပြီနဲ့ ညီမလေးရယ် စိုးရိမ်မိတယ် မတူဘူး၊ သူငယ်ချင်းလိုပဲ ဆက်၍ခေါ်မည်ခိုင်နဲ့ နွေကန္တာဦး မတူဘူး၊ စိမ်းနေဦးမည့် ကျွန်တော့်မြေနဲ့ နှင်းငွေ့တစ်ထောင့် မိုးတစ်မှောင့် မတူဘူး၊ ပြောရရင် အများကြီးပါ၊ ရှားပါးတာချင်းလည်း မတူဘူး၊ လူကြိုက်များတာချင်းလည်း မတူဘူး၊ ဈေးနှုန်းချင်းလည်း မတူဘူး၊ မူရင်းဈေးထက် ဆယ်ဆကျော်များတာရှိတယ်၊ အဲ့ဒါ လိုင်းစာအုပ်လို့ ခေါ်တယ်"

"ကျန်တာတွေလည်း ဒီအတိုင်းပဲ၊ စာရေးဆရာနဲ့ ပြုစုသူချင်းမတူသလို စာအုပ်တစ်အုပ်ချင်းလည်း မတူဘူး၊ ဈေးနှုန်းချင်းမတူသလို ဈေးကွက်ဝင်ပုံချင်းလည်း မတူဘူး၊ လိုင်းဝင်ပုံချင်း မတူသလို ရောင်းသွက်တာချင်းလည်း မတူဘူး၊ ရုပ်ပြနဲ့ကာတွန်းမှာ နန်းဦးနဲ့ အောင်ရှိန်မတူဘူး၊ မဂ္ဂဇင်းမှာ ရှုမဝနဲ့သွေးသောက်မတူဘူး၊ ဂျာနယ်မှာ ရွှေတူနဲ့ပြည်သူ့ကြယ် မတူဘူး၊ တက်ကျမ်းမှာ ပီမိုးနင်းနဲ့ မြို့မမောင်မတူဘူး၊ ဘာသာပြန်မှာ ဂျက်လန်ဒန်နဲ့ ဆစ်ဒနီရှယ်ဒန် မတူဘူး၊ နိုင်ငံရေးကျမ်းမှာလည်း လီနင်နဲ့ မော်စီတုန်း မတူဘူး၊ ဘာသာရေးကျမ်းမှာလည်း မိုးကုတ်နဲ့ မိုးညှင်း မတူ

mgyoe.com

mgyoe.com

ဘူး၊ ပြောမဆုံးဘူး၊ အဲ့ဒီဘာသာစုံ စာအုပ်ဟောင်းတွေကို မင်း ဘယ်လို ဦးစားပေး ရွေးမလဲ၊ ဘယ်ဈေးကွက်မှာ ပြန်ရောင်းမလဲ"

"ဆရာပြောမှပဲ ကျွန်တော်တော့ လန့်ဖျပ်ပြီး အဖျားတက်ချင်သလို ဖြစ်သွားပြီ"

"တစ်ခုတော့ ရှိတာပေါ့ကွာ၊ မင်း လေ့လာချင်ရင် ပန်းဆိုးတန်း အဟောင်းတန်းက ကိုမောင်မောင်စိန်နဲ့ ကိုဝင်းတင်တို့ဆီ ငါဆက်သွယ် ပေးမယ်၊ ပြီးတော့ လိုင်းစုံမလုပ်ဘဲ ကိုယ်ကျွမ်းတဲ့ လိုင်းတစ်လိုင်းလောက် က စရင်ဖြစ်နိုင်ပါတယ်၊ မုဆိုးစိုင်သင်ဆိုသလို အလုပ်က သင်သွားမှာပေါ့ ကွာ၊ ကိုင်း မောပြီကွာ၊ တစ်ပိုင်းလောက်တော့ တန်ပါပြီ"

"ရပါတယ် ဆရာရယ်၊ ကျွန်တော် ရမ် ဝယ်ကန်တော့ပါ့မယ်"

အောင်မောင်း ထိုင်နေရာက သုတ်သုတ်ပျာပျာ ထတယ်။ ဆရာ ကျော့်ကို အရိုအသေပြုပြီး အခန်းထဲက အပြေးအလွှား ထွက်ဖို့ ဟန်ပြင် တယ်။

"ဟာ... ဟေ့ကောင်၊ အလကားနောက်တာ"

□

mgyoe.com

mgyoe.com

၈

ဒီမနက်စာစီရတာသွက်တယ်။ စီရတာက သိုင်းဝတ္ထုဆိုတော့ ရာသီဥတုက ကိုယ့်ဘက်မှာ ရှိနေတယ်လေ။ စာစီသမားတွေရဲ့ အကြိုက်ပဲ။ ကွပ်ကြောများတယ်။ ချဲ့လိုင်းများတယ်။ ဝတ္ထုတစ်မျက်နှာလုံးကို ဘယ်လောက်မှ များများစားစား မစီရဘူး။ စာကြောင်းရေလည်း နည်းတယ်။ စာလုံးလည်း နည်းတယ်။

ပုံမှန်သတ်မှတ်ချက်က ၂၁ အင် ၂၃ ကြောင်းစီ ရတယ်။ ၆ အင်မှာ တစ်လက်မရှိတယ်။ စာတွေသိပ်များ သိပ်ပွတ်သိပ်ကျပ်တဲ့ ဘာသာပြန်စာအုပ်မျိုးမှာတော့ ၂၄ ကြောင်းကနေ ၂၅ ကြောင်းထိ စီရတယ်။

ခုစီရတဲ့သိုင်းဝတ္ထုကတော့ အကြောင်း ၂၀ တောင် မပြည့်ဘူး။ ချဲ့ရတဲ့လိုင်းတွေများတယ်။ ပြီးတော့ 'အား' ဆိုရင် တစ်ကြောင်းပဲ။ စာတစ်ကြောင်းလုံးမှာမှ အားတစ်လုံးပဲ စီရတယ်။ ယားဆိုရင် တစ်ကြောင်း၊ ဗိုးဆိုရင် တစ်ကြောင်း၊ ဒုတ်ဆိုရင် တစ်ကြောင်း၊ ခွပ်ဆိုရင်လည်း တစ်ကြောင်းပဲ။

ဒီတော့ စာစီသမား သိပ်ကြိုက်တယ်။ သွက်တယ်။ မြန်တယ်။ နေ့တွက်ကိုက်တယ်။ တစ်ခုတော့ရှိတယ်။ မင်းသားမင်းသမီးနဲ့ ဇာတ်ကောင်တွေရဲ့ တရုတ်နာမည်တွေက ထပ်ကုန်ရော။ ကျင်းယုံတို့၊ ကျင်းဟုန့်

mgyoe.com

mgyoe.com


တို့ ကျင်းရန်တို့ကျင်းဝမ်တို့ လျှူဝမ်တို့ လျှုဖုန်းတို့လို နာမည်စာလုံးတွေက အများကြီးထပ်ကုန်တယ်။

အဲဒီတော့ ကျင်းတို့ လျှုတို့ ဝမ်တို့လို ခဲစာလုံးတွေကုန်တယ်။ ထပ်စီစရာမရှိတော့ဘူး။ ခဲစာလုံး ဆိုတာက အများသုံး အနည်းအများအလိုက် မှုပြီး ဝယ်ထည့်ရတာ။ အပိုတွေဝယ်ထားနိုင်တာ မဟုတ်ဘူး။ ထားစရာနေရာလည်း မရှိဘူး။

တရုတ်မင်းသား မင်းသမီးသိုင်းသမားတွေရဲ့ နာမည်တွေကလည်း နည်းနည်းနောနောပါတာ မဟုတ်ဘူး။ စာပိုဒ်တိုင်းလိုလိုမှာ ပါတယ်။ ဒီတော့ ထပ်ကုန်လို့ မရှိတော့တဲ့ နာမည်တွေကို မှောက်ရတယ်။ မှောက်စီရတယ်။

ရှေ့က စီပြီးသားတွေ ပုံနှိပ်စက်ပေါ်တင်ပြီး ရိုက်ပြီးပြန်ကျလာမှ မှောက်ထားတဲ့ နာမည်စာလုံးတွေ ပြန်လဲထည့်ရမယ်။ လူလုပ်ပိုတယ်။ ရှုပ်တယ်။ ကြာတယ်။ ခရီးမတွင်ဘူး။ ဒါပေမဲ့ ဒီလိုပဲလုပ်ကြရတာပဲ။ စီတဲ့လူက ရပ်မနေနိုင်ဘူး။ မှောက်စာလုံးလှန်တဲ့အလုပ်က စာစီသမားတင် မဟုတ်ဘူး။ ဖိုမင်ပါ ဝိုင်းလုပ်ရတယ်။

ညက မီးမပျက်လို့ မအိပ်ခင် အောင်မောင်းစာဆက်စီတယ်။ ဒါကလည်း လုပ်နေကျပါ။ အောင်မောင်းအလကား မနေတတ်ဘူး။ တစ်ခုမဟုတ် တစ်ခုလုပ်နေရမှ၊ တခြားအလုပ်မရှိရင် အလုပ်သမားတွေအတွက် သုံးရေ ချိုးရေခပ်တယ်။ သောက်ရေထည့်တယ်။ ဘုရားပန်းအိုးလဲတယ်၊ စာစီခုံတွေ သန့်ရှင်းရေးလုပ်တယ်။ သူက တိုက်မှာ အိပ်တဲ့ ဆော်ဒါဆိုတော့ သူ့အလုပ် ကိုယ့်အလုပ် ခွဲမနေဘူး။ အားလုံးအတွက် သိမ်းကျုံးလုပ်တယ်။

အဲ... အဆင်မပြေချင်တဲ့ အခါကျတော့ မိုးလင်းလို့ အလုပ်ချိန် ရောက်တာနဲ့ ပြဿနာတက်တယ်၊ စက်ဆရာကလည်း နောက်ကျနေတယ်၊ တစ်ဂယ်လီ၊ လေးမျက်နှာစီလည်း စာစီပြီးရော ပစ်စာကမရှိတော့ဘူး။ စက်ဆရာနောက်ကျလို့ ရှေ့ကစီထားတဲ့စာတွေက မရိုက်ရသေးတော့ စာက မလည်တော့ဘူး။ ဆက်စီစရာ ခဲစာလုံးမရှိတော့ဘူး။ စက်ပေါ်က စာဖောင် ရိုက်ပြီးလို့ ပြန်ကျမှ ပြန်ပစ်ပြီး စီရမယ်။

အဲ့ဒီမှာ ကိုကျော်မိုးက ရန်လုပ်တော့တာပဲ။ အောင်မောင်း လူပါးဝ

mgyoe.com

တယ်ပေါ့။ သိုင်းစာအုပ်မို့ ညက သူတစ်ယောက်တည်း ကျိုးစီထားလို့ သူတို့အတွက် စီစရာ စာမကျန်တော့ဘူးပေါ့။ နင်ပဲ ဆေပြောရုံတင်မကဘူး၊ ထိုးလား ကြိတ်လားထိ ပြုမယ်လုပ်တယ်။

အောင်မောင်း မကြောက်တတ်ပါဘူး။ နောက်ကြောင်းကလည်း ရှင်းပါတယ်။ အဖြစ်မှန်ကို ပြောပြပါတယ်။ တောင်းပန်ပါတယ်။ မရဘူး။ ပိုသဲတယ်။ ပိုကြမ်းလာတယ်။ ဆဲရေးတိုင်းထွာတဲ့ပြင် စာစီတဲ့ စတိတ်ခွက်နဲ့ လှမ်းပေါက်တယ်။ ကျောကိုထိတယ်။

အောင်မောင်း ထောင်းခနဲ ဖြစ်သွားတယ်။ ဘာမှ မမြင်တော့ဘူး။ လွှားခနဲခုန်ပြီး ကိုကျော်မိုးနဲ့ မေးရိုးကို တအားထိုးချလိုက်တယ်။

ကိုကျော်မိုး စာစီခုံပေါ် လဲကျသွားတယ်။ စာစီခွက်တွေ ပြိုလဲပြီး မှောက်ကုန်တယ်။ ဝုန်းဝုန်းဒိုင်းဒိုင်းဖြစ်ကုန်တယ်။

ဖိုမင်ဆရာ ဦးတင်ဖေ၊ ကိုဘပုနဲ့ ကိုလှဖေတို့က ဝိုင်းဆွဲကြ၊ ဖျန်ကြလို့ ကိုကျော်မိုး သက်သာသွားတယ်။

ဆရာတို့က လူချင်းခွဲလိုက်ပြီး နှစ်ယောက်လုံးကို ပြေရာပြေကြောင်း ပြောကြတယ်။

မရဘူး။ ကိုကျော်မိုးက မကျေနိုင်မချမ်းနိုင် ဖြစ်ပြီးပုံနှိပ်တိုက် အပြင်ကိုထွက်တယ်။ စိန်ခေါ်တယ်။ ဆရာကျော်တို့ မရောက်သေးလို့ တော်သေးတာပေါ့။

အောင်မောင်းကို ကိုဘပုတို့က ဆွဲထားတယ်။ အပြင်မှာ ထပ်ဖြစ်ရင် ကျော်မကောင်း ကြားမကောင်း ဖြစ်မှာစိုးလို့ အောင်မောင်း ငြိမ်နေလိုက်ပါတယ်။ ပုံနှိပ်တိုက်ကိုပါ ထိခိုက်မယ်လေ။

ကိုကျော်မိုးကို ဆရာဦးတင်ဖေနဲ့ ကိုလှဖေတို့က ထွက်ဆွဲကြ၊ ပြေရာပြေကြောင်း ထပ်ပြောကြပါသေးတယ်။ မရပါဘူး။ ဒေါကန်ပြီး အိမ်ပြန်သွားပါတယ်။

မကြာပါဘူး။ ဆရာကျော်တို့လည်း ရောက်လာပါတယ်။ ဆန်ရှင်းနာနာဖွပ် ဆိုသလို အောင်မောင်းလည်း အကြိမ်းအမောင်း အဆူအပူ ခံရပါတယ်။ အောင်မောင်းအမှားဖြစ်ရပါတယ်။

အောင်မောင်း အလုပ်ဆက်မလုပ်တော့ပါဘူး။ စက်ဆရာတော့

mgyoe.com